# မြဝတီ

နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၈၈)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည်ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး(Seed Balls)များ ကြဲချ



**နေပြည်တော် ဇူလိုင် ၁၄**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အထက်ဆင်သေကြီးဝိုင်းအတွင်းရှိ တောနိမ့်တောပါး တောင်ကတုံးများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခဲ့သည်။

၂၀၂၄ ခုနှစ် မိုးရာသီ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် **စာမျက်နှာ ၁၁ ကော်လံ ၃**

## ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစု ပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ပြီး သွင်းအားစုများပေးအပ်

စာ - ၁၆ သို့

## ပွင့်ဖြူမြို့နယ်၌ နှမ်း ဧက ၃၉၈၇၀ ရိတ်သိမ်းပြီးစီး

စာ - ၇ သို့



## မိုးကြီးမည့်သတိပေးချက်

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၁၆-၇-၂၀၂၄ ရက်နေ့မှ ၂၀-၇-၂၀၂၄ ရက်နေ့အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်ရှိ လေဖိအားနည်းဆဲလ်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ **စာမျက်နှာ ၁၀ ကော်လံ ၁**

**နေပြည်တော် ဇူလိုင် ၁၄**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဟိုင်းကြီးကျွန်း | ၆ | ဒသမ ၁၀ | လက်မ | ကျိုက်မရော | ၃ | ဒသမ ၃၅ | လက်မ |
| ကျိုက္ကမီ | ၅ | ဒသမ ၇၅ | လက်မ | လပွတ္တာ | ၂ | ဒသမ ၉၉ | လက်မ |
| မုဒုံ | ၄ | ဒသမ ၀၆ | လက်မ | ချောင်းဆုံ | ၂ | ဒသမ ၈၀ | လက်မ |
| ဘားအံ | ၃ | ဒသမ ၈၅ | လက်မ | မော်လမြိုင် | ၂ | ဒသမ ၇၆ | လက်မ |
| ထားဝယ် | ၃ | ဒသမ ၆၆ | လက်မ | ကော့သောင်း | ၂ | ဒသမ ၄၄ | လက်မ |

**ဆောင်းပါး**

**ယနေ့ဖြင့် သတိတရား ထားဖို့အခြေ**

စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၅ ရက်)

# သုံးဦးသုံးဖလှယ် အကျိုးရှိသည့်အခြေအနေ

နိုင်ငံတော်၏အရေးပါသော ငွေရေးကြေးရေးကဏ္ဍအတွင်း ကြီးမားသောတာဝန်များထမ်းဆောင်နေကြသည့်ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရနှင့်ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများပိုမိုအားကောင်းလာစေရန်၊ နိုင်ငံတော်၏ငွေကြေးစနစ်တည်ငြိမ်မှုရှိပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် အပြန်အလှန်နားလည်မှုများ အပြည့်အဝရရှိစေရန်ရည်ရွယ်၍ ဇူလိုင်လ ၁၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့်တွေ့ဆုံဆွေးနွေးကြောင်းသိရသည်။

ဘဏ်များ၏လိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့်ဗဟိုဘဏ်တို့ကပံ့ပိုးနေသကဲ့သို့ ဘဏ်များကလည်း နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစနစ်ဖြင့်ယှဉ်ပြိုင်ခြင်းထက် ကိုယ်ကျိုးစီးပွားအတွက် လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားမှုပြုခြင်းများကြောင့် အများပြည်သူများ၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရမည်ဖြစ်သည်။ အလားတူတည်ဆဲဥပဒေစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကိုဖောက်ဖျက်ပြီး နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေပါက သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးနေသည့်အတွက် ဗဟိုဘဏ်နှင့်ဘဏ်များသည် သီးခြားလွတ်လပ်စွာဆောင်ရွက်နိုင်သည်။ သို့သော် ယခုအခါတွင် သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာကြီးကြပ်ဆောင်ရွက်ပေးနေရခြင်းဖြစ်သည်။ ဘဏ်များအနေဖြင့် ငွေအပ်နှံသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးရန်တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့်ခိုင်မာမှုထိန်းသိမ်းရေးကို တစ်ပါတည်းဆောင်ရွက်သွားကြရန်ဖြစ်သည်။ ထိုသို့သောအခြေအနေကောင်းဖြစ်လာစေရန်မှာ နိုင်ငံတော်အစိုးရ၊ ဗဟိုဘဏ်နှင့်ဘဏ်များ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၅ ရက်ကကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)တွင် အမှာစကားပြောကြားရာ၌ **“နိုင်ငံ့အရေးကိုစိတ်ဝင်စားသည့်လူငယ်များ၊ လုပ်ငန်းရှင်များရှိကြောင်း၊ ၎င်းတို့ကိုလက်တွဲခေါ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်များနှင့်ပတ်သက်၍ဘဏ်စနစ်ကိုပြည်သူများ ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖွင့်လှစ်ထားသည့်ဘဏ်များကိုလည်း စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ရန်လည်းလိုအပ်ကြောင်း၊ ဥပဒေကိုကျော်လွန်၍ လုပ်ဆောင်မှုများရှိပါက နိုင်ငံ့စီးပွားရေးအတွက် အန္တရာယ်ရှိသဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် ပြည်တွင်းပြည်ပအဖျက်သမားတို့၏ မဟုတ်မမှန်သောကောလာဟလနှင့်သတင်းအမှားများထုတ်လွှင့်မှုကို လုံးဝယုံကြည်မှုမရှိရန်လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကိုစတင်တာဝန်ယူချိန်မှစ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ တွင်ပြဋ္ဌာန်းထားသည့် နိုင်ငံတော်အတွင်းဆောင်ရွက်နေသည့်လုပ်ငန်းများ၊ သုံးစွဲနေသည့်ငွေကြေးများနှင့်ပတ်သက်၍ ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်သည်။ ပုဒ်မ ၃၆ (ဃ)တွင်“စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု”ဟုလည်းကောင်း၊ ပုဒ်မ ၃၆ (င)တွင် “တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ်သတ်မှတ်ခြင်းမပြု”ဟုလည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့်အစိုးရဖြစ်သည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအနေဖြင့် မလိုအပ်ဘဲ ငွေကြေးအမြောက်အမြားထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲပြီးထုတ်ယူခြင်းများ မပြုလုပ်ကြရန်လိုအပ်လှသည်။ ထိုသို့စိုးရိမ်မှုလွန်ကဲကာထုတ်ယူခြင်းမျိုးမှာ ကောင်းကျိုးထက်ဆိုးကျိုးကိုသာဖြစ်စေသည်။ မသမာသူတို့၏ကောလာဟလများသည် ပြည်သူတို့၏အကျိုးစီးပွားပျက်စီးရေးကိုရှေးရှုခြင်း၊ နိုင်ငံ့စီးပွားကျဆင်းရေးကိုရှေးရှုခြင်းတို့ကိုဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဘဏ်များအနေဖြင့်လည်း အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအင်အားနည်းပါးလာခြင်းအပေါ် ဘဏ်များ၏ဝန်ဆောင်မှုလုပ်ငန်းများ လစ်ဟာမှုမရှိစေရန် အကြိမ်ကြိမ်ကြပ်မတ်စစ်ဆေးခြင်းများဆောင်ရွက်နေကြရမည်ဖြစ်သည်။ ဘဏ်များတွင် နိုင်ငံသားလူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန်လည်းလိုအပ်သည်။ လက်ရှိသုံးစွဲနေသည့် Card စနစ်များ၊ e-Banking ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် ဝန်ဆောင်မှုအရည်အသွေးအပြည့်အဝရှိသည့်ဘဏ်ခွဲများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အစိုးရ၊ အများပြည်သူနှင့်ဘဏ်များအကြား သုံးဦးသုံးဖလှယ်အကျိုးရှိသည့် Win-Win-Win Situation ရရှိစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း (Black Lists) တွင် ပါဝင်နေသူများအား ဖြေလျှော့ပေးမည်

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း (Black Lists) တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်းနစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများအား ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ် မူတည်၍ အမည်မည်းစာရင်း (Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၁၅ - ၇ - ၂၀၂၄ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ ရုံးများသို့လည်းကောင်း၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နေပြည်တော် ဇူလိုင် ၁၄**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၁၅-၇-၂၀၂၄(တနင်္လာနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၄၅ မြန်မာ့ရှုခင်း
၅။ ၈း၄၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၆။ ၉း၂၅ ကျန်းမာသုတ
၇။ ၉း၃၅ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၈။ ၁၀း၁၅ စာဆိုစစ်သည်ကလောင်ရှင်များ
၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၆း၃၅ သီချင်းလက်ဆောင်
၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း -မဏ္ဍိုင်မအလင်း အပိုင်း(၁)**

**MWD Variety Channel**

၁။ ၀၉း၄၈ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၂။ ၁၀း၄၈ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၃။ ၁၁း၄၅ လူငယ်များရဲ့စွမ်းပကား နိုင်ငံတော်ရဲ့အား
၄။ ၁၂း၄၀ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၅။ ၁၆း၂၀ Countries of the World

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်နိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စည်းနဲ့ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဆည်းကျုံကျုံရှင်းတမ်း

**(ယမန်နေ့မှအဆက်)**

လုံးကြီးတင် “ဆီးကျုံကျ”ဟူသော အရေးကို မဲဇာတောင်ခြေချီ ပိုဒ်စုံရတုတွင်သာ တွေ့နိုင်ဖွယ် ရှိပါသည်။ အခြားရတုကဗျာလင်္ကာ အထွေထွေစကားပြေတို့တွင် တွေ့မြင်ရဖွယ်မရှိဟုဆိုရပါမည်။ တိတ်တိတ်ဆိတ်ဆိတ်အဓိပ္ပာယ်၊ ဆိတ်ညံအဓိပ္ပာယ် ရှိသော ညကြီးသတ် “ဆည်းကျုံကျ”အရေးကိုကား ရတုလင်္ကာ ကဗျာ အထွေထွေစကားပြေတို့တွင် တွေ့နိုင်ပါသည်။

“ဆည်းကျုံကျ”ကိုမူ တိတ်တိတ်ဆိတ်ဆိတ်၊ ဆိတ်ဆိတ်ညံညံ အဓိပ္ပာယ်ဖြင့် ပျို့ကဗျာလင်္ကာ စသည်တို့တွင် သုံးခဲ့ကြပါသည် -

“ဇမ္ဗူကျွန်းချာ ပြည်ကြီးစွာလည်း၊ ထိုခါအိမ်ချည်း၊ ဆည်းကျုံကျုံလျှင်၊ လူသံဆိတ်ဆိတ်” (ကိုးခန်း ပျို့ *၂၇၇)

“ဆည်းကျုံကျုံလျှင်၊ လူသံဆိတ်ဆိတ်၊ ထိတ်ထိတ်မောမော၊ ဤရပ်တော်၌” (ဘူရိဒတ်လင်္ကာ *၁၄)

“မြိုင်ခြေတောယံ၊ ဆည်းကျုံကျုံဝယ်၊ လူသံဆိတ်ဆိတ်'(မဟာသုတသောမ ၃၂)

“တောခြေမိုက်မည်း၊ ကြောက်ဖွယ်ချည်းတိ၊ ဆည်းဆည်းညံညံ၊ လူသံဆိတ်ဆိတ်၊ ထိတ်ထိတ်ပွေပွေ၊ လေတဟုန်းဟုန်း”(ဟံသာဝတီရောက်မင်းဆို၊ အဝမြို့တမ်းချင်း၊ ညွန့်ဒု၊ ၆၆)

“နေခင်းဆိတ်ညံ၊ ဆည်းကျုံကျုံ၊ စကြ်သွားမစဲ” (ကဝိလက္ခဏာ *၂၅၈)

“သိမ်းဆည်း၊ နောင်ဖို့ဆည်း၊ ဆည်းကြုံကြုံ၊ ဆုံဆည်း၊ ဆည်းလည်းချူ၊ ညရီဆည်းဆာ၊ ခိုက်ဆည်းရန်ရှာ၊ ဆည်းဘူး/ပူး၊ သစ်ဆည်းလည်း” (ဝဏ္ဏဗောဓန)

“နံ့သာလိမ်းကျုံ၊ ရွှေရည်ကျုံ၍၊ ကျုံကျုံမြည်ရိုး၊ ကြိုးကြိုး (ကျိုးကျိုး) ကျုံကျုံ၊ ဆည်းကျုံကျုံကြီး” (ကဗျာသာရတ္ထ)

“တူညီကပ်ဆည်း၊ ပြုသိမ်းဆည်းနှင့်၊ ကြီးထုတောယံ၊ ဆည်းကြုံကြုံနှင့်” (ရတနာကြေးမုံ)

“မျက်ပါးလိမ်းကျုံ၊ ဆည်းကျုံကျုံနှင့်၊ မကျုံလိမ်းသည်၊ လိမ်းကျုံမည်က၊ ရွှေရည်လိမ်းကျုံ၊ ကျိုးကျုံတစ်ထစ်” (ရတနာကြေးမုံ)

ဤတွင် ညကြီးသတ် ဆည်းကျုံကျုံဟူသော စကားကို ညကြီးသတ်ကာရန်ယူ၍ ရေးဖွဲ့ထားသော အသုံးများတွေ့ရသည်လည်းရှိသည်။ ကာရန်ယူမထားသော အသုံးများလည်းရှိပေသည်။ “ဆည်းကျုံကျ”နှင့်ပတ်သက်၍ အခြားရှင်းလင်းစရာ ပြဿနာတစ်ရပ်မှာ “ဆည်းကျုံကျ”ကို “ဆည်းကြုံကြုံ”ဟု ရရစ် “ကြုံ”ဖြင့် စာလုံးပေါင်းထားသည်ကိုလည်း တွေ့နေရသော အချက်ဖြစ်ပေသည်။ “ယပင့်ကျ”နှင့်“ရရစ်ကြုံ” အသံတူနေသဖြင့် နှစ်သက်သလို ရေးနေကြခြင်းလည်း ဖြစ်နိုင်ပေသည်။ မြန်မာဘာသာဝေါဟာရနှင့် ဝေါဟာရအနက်ကို ကျွမ်းကျင်တော်မူသော ဒုတိယကျော်အောင်စံထားဆရာတော်ဘုရားပင် “ဆည်းကျုံကျုံ”နှင့်ပတ်သက်၍ ဝေဝါးတော်မူခဲ့ပေသေးသည်။ ဆရာတော်က “ဆည်းကြုံကြုံ”ဟု ရရစ်“ကြုံ”ဖြင့် ရေးခဲ့၊ အနက်ကြုံဆဖွင့်ဆိုခဲ့သည်ကို တွေ့ရပါသည်။

ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် -

“ဆည်းကြုံကြုံဟူသည်၌ ဆည်းဟူသော စကားအရကို “ဆည်း”အမည်ရှိသော တိရစ္ဆာန်ရှိသည်လည်းအချို့ဆိုကုန်၏။ ထိုတိရစ္ဆာန်ကို ထင်မြင်တွေ့ကြိမ်ဖူးသည်ဟူ၍မျှ မကြားစဖူး။ တိရစ္ဆာန်ဝိသေသ၊ အထည်ဒြပ်ဝိသေသရှိဟန် စာပေလည်းမထင်။ သဘောကိုထောက်သော် တောအုံတောင်ကမ်း ထူထဲကြီးကျယ်စွာသောအရပ်ဝယ် သစ်ခက်သစ်ရွက်တို့သည် အလိုအလျောက် သွေ့ခြောက်နွမ်းရိ၍ ကြွေကျခြင်း၊ ကျေးငှက်စသောတိရစ္ဆာန်တို့ ခိုက်တိုက်မိခြင်း၊ ခြွေချခြင်း၊ လေခတ်ခြင်းအကြောင်းတို့ကြောင့် ကြွေကျသောအသံ၊ ကြွေကျသည်တွင် အဆင့်ဆင့် ထိခိုက်ပြန်၍ ဆင့်ပွားသောအသံ၊ ကျေးငှက်စသော တိရစ္ဆာန်တို့၏ လှုပ်ရှားမြည်တွန်သောအသံ၊ ယင်းသို့ မရေမတွက်နိုင်သော လှုပ်ရှားခြင်းကိုစွဲ၍ဖြစ်သော လေညင်းလေပြည်တို့သည် ဆိုခဲ့သောအသံတို့ကို သိမ်းဆည်းစုရုံး၍ နားသို့ရောက်လတ်သော် ဝေးသောအသံ၊ မပြင်းမပြသောအသံ၊ ခြားနားသိသာမရှိသော အသံတို့လည်း ပြွမ်းနှောလျက်ရှိ၍ မည်သည့်အသံ မဆိုမမှတ်သာ စီစီကျာကျာ တညံညံတကြုံကြုံမျှသာ ထင်သောအသံကိုပင် စုရုံးသိမ်းဆည်း၍ ကြုံကြုံညံညံ ထင်သောကြောင့် ဆည်းကြုံကြုံဟူ၍ သူဟောင်းတို့ဆိုမိန့်သကဲ့သို့ရှိ၏။ ယင်းသို့ယူလျှင် ယခင်သိမ်းဆည်းဟူသောအနက်လည်းကောင်းဖြစ်၏”ဟု ကြုံဆထားပါသည်။

ဆရာတော်သည် “ညံညံ၊ ကြုံကြုံ(ကျုံကျုံ)”ဟူသော စကားကို “စီစီကျာကျာ၊ တညံညံ၊ တကျုံကျုံ” ဟူသော အနက်ဟု ဆိုလိုရိပ်ရှိ၏။ “တိတ်တိတ်၊ တိတ်ဆိတ်၊ ဆိတ်ဆိတ်” ဟူသောအနက်ရှိကြောင်း ဖော်ပြမထားပေ။ စင်စစ်အားဖြင့် “ညံညံ၊ ကျုံကျ” တို့သည် “တိတ်တိတ်၊ တိတ်ဆိတ်၊ ဆိတ်ဆိတ်”အနက်ကို ဟောသောစကားများဖြစ်သည်။

ဝေါဟာရပကာသနီကျမ်းတွင် “ဆည်းကြုံကြုံ”ဟု ရရစ်“ကြုံ”ဖြင့် ဖွင့်ဆိုထားသဖြင့် နောက်ပုဂ္ဂိုလ်အချို့လည်း “ဆည်းကြုံကြုံ”ဟု ရရစ်ကြုံဖြင့် ရေးသုံးလာကြသည်။

ဆရာယုဒသန်၏ မြန်မာအင်္ဂလိပ်အဘိဓာန် (၁၈၅၂ ပုံနှိပ်)တွင် “ဆည်းကြုံ”ကို တည်ပုဒ်အဖြစ်ယူ၍ V-to be soothing, quiet, pleasant, as a wilderness, Comp“ဆိတ်ညံ”ဟု ဖွင့်ပြထားပါသည်။ “ဆည်းညံ”ကိုလည်း တည်ပုဒ်အဖြစ်ယူကာ “v see ဆိတ်ညံ”ဟု ပြထားပါသည်။ “ဆိတ်ညံ”၏ အဓိပ္ပာယ်ကို “v. to be still, solitary” ဟု ပြပါသည်။

စင်စစ်အားဖြင့် ဝေါဟာရတ္ထပကာသနီကျမ်း (၁၁၃၁)သည် မဲဇာတောင်ခြေချီပိုဒ်စုံရတု (၁၁၂၆ ခန့်)နောက် ငါးနှစ်ခန့်သာ နောက်ကျသဖြင့် တစ်ခေတ်တည်း တစ်ချိန်တည်းဟုပင် ဆိုနိုင်ပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီးက “တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံဝယ်”ဟု ရေးနေချိန်တွင် ဒုတိယကျော်အောင်စံထားဆရာတော်က “ဆည်းကြုံကြုံ” (ဆည်းကျုံကျုံ)ကို သူဟောင်းတို့၏စကားသဖွယ် မိန့်ဆိုသည်မှာလည်း ထူးဆန်းနေပေသည်။

မည်သို့ပင်ဆိုစေ “ဆည်းကျုံကျုံ”ကို ပျို့ကဗျာလင်္ကာအကိုးများအရသော်လည်းကောင်း၊ သတ်ပုံကျမ်းများအရသော်လည်းကောင်း၊ ဆလိမ်ညကြီးသတ်လျက်ရေးရမည်မှာ သေချာလှပါသည်။ အကိုးအထောက်၊ သာဓက၊ ယုတ္တိခိုင်မာချေပြီ။ ဆည်းကျုံကျုံ၏အနက်ကို တစ်လုံးချင်းစိတ်ဖြာ၍ ဖော်ထုတ်ရန်သာရှိပါတော့သည်။

“ဆည်းကျုံကျုံ”ဟုဆိုရာတွင် မူလစကားသည် “ဆည်းကျုံ”ဖြစ်ပါသည်။ “ကျုံ”ကို ဝိစ္ဆာပြု၍ “ကျုံကျုံ” ဟု သုံးနှုန်းခြင်းဖြစ်ပါသည်။ ဤတွင် “ဆည်း” ၏ အနက်မှာ “သိမ်း၊ စု၊ ရုံး”ဖြစ်သည်။ “အသံဗလံ”ကိုဖြစ်စေ၊ “အမူအကျင့်”ကိုဖြစ်စေ “သိမ်း၊ စု၊ ရုံး”သည်ကို “ဆည်းသည်”ဟုဆိုသည်။ အသံဗလံများကို “သိမ်း၊ စု၊ ရုံး” သဖြင့်၊ အသံများကို “ဆည်း”သဖြင့် အသံများ မပျံ့မထွက်တော့ဘဲရှိသည်။ ဤသည်ကိုပင် “ဆည်းသည်”ဟုဆိုသည်။ ပျံ့ထွက်နေသောအသံများ ရုံးစုဆုတ်နစ်သည်ကို “ဆိတ်”သည်ဟုလည်း ဆိုသည်။ “ဆိတ်”နှင့် “ဆုတ်”၏ အနက်တူသည်။ ထို့ကြောင့် “ဆည်း”နှင့် “ဆိတ်”သည် အသံအထွက်ဘဲ၊ အသံများရုံးစည်းသည့်အနက်ကိုဟောသည်။

“ဆည်းကျုံကျုံ”ဟူ၍လည်းကောင်း၊ “ဆည်းညံညံ” ဟူ၍လည်းကောင်း သုံးနှုန်းကြသည်ကို ထောက်လျှင် “ကျုံကျုံ” နှင့် “ညံညံ”တို့တွင် “ညံညံ” သည် မူလဖြစ်ဖွယ်ရှိသည်။ “ကျ”နှင့် “ည”သည် အသံဖြစ်ရာဌာန်၊ အလွန်နီးသောဗျည်းများဖြစ်သဖြင့် အသံပြောင်းနိုင်သော ဗျည်းများဖြစ်သည်။ “ကျ”သည် အာခေါင်သွားရင်းဗျည်း၊ ညသည် အာခေါင်မာဗျည်း ဖြစ်သည်။ “ကျ” နှင့် “ည”ကို ဌာန်တူဗျည်းဟုပင် သတ်မှတ်သည်လည်းရှိသည်။ ထို့ကြောင့် ကျုံကျုံသည်ညံညံနှင့်တူသည်ဟု ဆိုရသည်။

“ညံ”သည် “တိတ်ဆိတ်”အနက်ရှိကြောင်း ဖွင့်ဆိုရပါဦးမည်။

“ညံ”၏အနက်ကိုဖော်ထုတ်ရန် တက်ကျသံဖြစ်သော “ညံ့၊ ညမ်း”တို့နှင့်လည်းကောင်း၊ စုတူသတ်ဖြစ်သော “ညပ်”နှင့်လည်းကောင်း ယှဉ်တွဲဆက်စပ်လျက် ကြုံဆဖော်ထုတ်ရပါသည်။ “ညပ်၊ ညံ၊ ညံ့၊ ညမ်း” တို့၏ အနက်မှာ “ပူးတွဲ၊ ပေါင်းစည်း”နက်ပင်ဖြစ်သည်။ အရာဝတ္ထုနှစ်ခုတို့ တစ်ခုနှင့်တစ်ခု ပူးနေ၊ တွဲနေ၊ ပေါင်းနေ၊ ကပ်နေသည်ကို ညပ်သည်ဟုဆိုသည်။ ပူးတွဲပေါင်းကပ်ကြသဖြင့် ကြီးမားခြင်းကိုလည်းဖြစ်စေသည်။ တစ်နည်းအားဖြင့် ကျစ်လျစ်သိပ်သည်းကျဉ်းကျုံ့ခြင်းကိုလည်း ဖြစ်စေသည်။ အရာဝတ္ထု နှစ်ခုသုံးခု စသည်ကို ပူးတွဲပေါင်းကပ်လိုက်သောအခါ မူလကတစ်ခုချင်း၏ အရွယ်ပမာဏထက် ကြီးမားလာပေမည်။ တစ်နည်းလည်း ကွဲကွာနေသော အရာဝတ္ထုနှစ်ခုသုံးခု စသည်ကို ပူးတွဲပေါင်းစပ်လိုက်သောအခါ မူလကကွဲကွာနေသဖြင့် ကျယ်ပြန့်လျက်ရှိရာမှ နှစ်ခုသုံးခုသည် တစ်ခုတည်းအဖြစ်သို့ ရောက်သောကြောင့် ကျစ်လျစ်သိပ်သည်းကျဉ်းကျုံ့ခြင်းကို ဖြစ်စေသည်ဟုဆိုရပေမည်။ အသံဗလံများကို ပေါင်းစည်းလိုက်သောအခါ ဆူညံခြင်းကို ဖြစ်စေသကဲ့သို့ ဆူညံသောအသံများကို ပေါင်းရုံးရုပ်သိမ်းလိုက်သောအခါ ဆိတ်ညံခြင်းကိုလည်း ဖြစ်စေပါသည်။

“ညံ့၊ ညမ်း” တို့၏အနက်သည်လည်း ပူးတွဲ၊ ပေါင်းစည်းနက်ပင်ဖြစ်သည်။ “ညံ့”ကို “နုညံ့၊ နူးညံ့၊ ပျော့ညံ့၊ ပျောင်းညံ့၊ ဖြည်းညံ့၊ ယုတ်ညံ့” စသည်ဖြင့် အသုံးရှိသည်။ အားနည်းသော၊ ဆုတ်ယုတ်သော သဘောဖြစ်သည်။ “ဆိတ်ညံ”မှ “ညံ”၏အနက်ကို “ညံ့”၏အနက်နှင့်ယှဉ်စပ်ကာ “နူးညံ့သောအသံ၊ ပျောင်းညံ့သောအသံ၊ ညင်းညင်းညံ့ညံ့အသံ” ဖြစ်သည်ကိုပင် ညံသည့်အသံဟူ၍လည်း ယူသင့်ပေသည်။

ဤသို့လျှင် “ဆည်းညံညံ၊ ဆည်းကျုံကျုံ”တို့သည် “တိတ်တိတ်ဆိတ်ဆိတ်၊ ဆိတ်ဆိတ်ညံညံ၊ ဆိတ်ဆိတ်ငြိမ်ငြိမ်”ဟူသော အနက်ရှိသည်ဟု မှတ်ယူရပေမည်။ “ဆည်းညံညံနှင့် ဆည်းကျုံကျုံ” တို့တွင် “ဆည်းညံညံ” သည် မူလဝေါဟာရဖြစ်ပြီး “ဆည်းကျုံကျုံ”သည် အနက်တူ အသံပြောင်းဝေါဟာရဖြစ်သည်။

အချုပ်ဆိုရသော် မြန်မာစာပေနယ်ပယ်တွင် အနက်ရှိသော၊ အဓိပ္ပာယ်ရှိသော “ဆည်းကျုံကျုံ” ဟူသော ဝေါဟာရသာရှိသည်။ “ဆီးကျုံကျုံ” ဟူသော ဝေါဟာရမရှိ။ “မဲဇာတောင်ခြေ”ရတုတွင်သာ “သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်” ဟူသောအဆိုကို သံယောင်လိုက်ပြီး ပေါ်ပေါက်လာသော စာလုံးပေါင်းအယောင်အမှားမျှသာဖြစ်ပါကြောင်း။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

---

**ရန်ကုန်၊ ရေပေးဝေရေး**

# ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်း ရေသန့်များ အသုံးပြုနိုင်ရန် ရေဂါလန် ၂၃၇ သန်းကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်း၊ ရေသန့်များ အသုံးပြုနိုင်ရန် ရေလှောင်ကန်ကြီးများမှ ရေဂါလန်၂၃၇ သန်းကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် နေ့စဉ် လှော်ကားရေလှောင်ကန်မှ ရေဂါလန် သန်း ၉၀၊ ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊ ငမိုးရိပ်ရေသန့်စင်စက်ရုံမှ ရေဂါလန် သန်း ၉၀၊ လဂွန်းပြင်ရေသန့်စင်စက်ရုံမှ ရေဂါလန် ၂၇ သန်း၊ မြေအောက်ရေ ပေးဝေရေးစခန်းများမှ ရေဂါလန်သုံးသန်း ဖြန့်ဝေပေးလျက်ရှိသည်။

“အခုလိုဖြန့်ဝေတဲ့အခါ ရေကိုအဆင့်ဆင့်သန့်စင်တဲ့အပြင် ပိုးသတ်ပြီးမှ ဖြန့်ဝေတာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က သတ်မှတ်ထားတဲ့ စံချိန်စံနှုန်းအတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်နေတဲ့ အရေးပေါ်အခြေအနေတွေမှာဆိုရင်လည်း WHO က ချမှတ်ထားတဲ့အတိုင်း ဆောင်ရွက်ပေးနေပါတယ်။ ဒ့ါပြင် ရေကို သွယ်ယူအသုံးပြုတဲ့အခါမှာ သွယ်ယူတဲ့ ရေပိုက်တွေ၊ အိမ်မှာအသုံးပြုတဲ့ ရေစည်၊ ရေကန်တွေသန့်ရှင်းပြီး စနစ်တကျရှိဖို့လည်းလိုပါတယ်”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဒေါ်သွဲ့နိုင်ဦးကပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)အနေဖြင့် ရေဖြန့်ဝေနေသည့် ရေလှောင်ကန်များ၊ ရေသန့်စင်စက်ရုံများတွင် မီနီဓာတ်ခွဲခန်းများထားရှိပြီး အရည်အသွေးစစ်ဆေးခြင်းများကို နေ့စဉ်ဆောင်ရွက်နေသည့်အပြင် ရေသန့်စင်ရာတွင် အသုံးပြုသည့်ကလိုရင်းကို လုံလောက်စွာထားရှိပြီး နှစ်စဉ်တင်ဒါစနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လင်းခန့်**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

၁၉၄၇ ခုနှစ် ပင်လုံညီလာခံသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ခုနှင့် ၁၉၄၇ ခုနှစ်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ အချက်တချို့ကိုစွဲကိုင်၍ ပြည်ထောင်စုပြိုကွဲမည့်အခြေအနေတစ်ရပ်ထိ ကြုံလာခဲ့သည်။

စီးပွားရေးတွင်လည်း လွတ်လပ်ရေးရပြီး ၁၄ နှစ်ကျော်ခန့်အထိ ယခင်ကိုလိုနီလက်ထက်က နိုင်ငံခြားသားများ လက်ဝါးကြီးအုပ်ထားသည့် စီးပွားရေးလုပ်ငန်းအများစုမှာ ရှင်သန်အားကောင်းနေဆဲဖြစ်ခဲ့သည်။ ပြဋ္ဌာန်းထားသည့် ဥပဒေဟောင်းများမှာလည်း လယ်သမား၊ အလုပ်သမား၊ တိုင်းရင်းသားများဘက်ထက် နယ်ချဲ့လက်ကျန် နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်ကြီးများဘက်ကို ကာကွယ်ပေးနေဆဲဥပဒေများဖြစ်နေခဲ့သည်။

စနစ်ကလည်း ပါတီစုံစနစ်ဖြစ်နေပြန်သည်။ အပြိုင်အဆိုင် အာဏာရရှိရေး လွှတ်တော်တွင်း၊ လွှတ်တော်ပြင် ဝါဒရေးရာတိုက်ပွဲများနှင့်လက်နက်ကိုင်စစ်ပွဲများကြားတွင် ပြည်သူများမှာ လိုမ့်ခံနေကြရသည်။ သေလိုက်ကြသည့်ပြည်သူ့အသက်များ၊ ကုန်လိုက်သည့် ချွေးနည်းစာများမှာ အံ့မခန်းပင်။ အထောက်အထားတစ်ခုပြပါမည်။ ပြည်တွင်းမညီညွတ်မှု၏ ရလဒ်တစ်ခုအဖြစ်သာသုံးသပ်ကြပါ။

လွတ်လပ်ရေးရပြီး ၁၀ နှစ်ခန့်အကြာ ၁၉၅၈ ခုနှစ်က နိုင်ငံ၏ အခြေအနေမှာ အတော်ဆိုးရွားနေပြီဖြစ်သည်။ ဤကာလ ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံ၌ ရန်ကုန်ခရိုင်၊ ဟံသာဝတီခရိုင်၊ အင်းစိန်ခရိုင် စသည့်ခရိုင်များမှ ငြိမ်းချမ်းရေးလိုလားသူပြည်သူ ၄၀၀၀၀ ကျော်က စုပေါင်းဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်ခဲ့ကြသည်။

ဤပွဲတွင် ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းက နိုင်ငံတွင်းဖြစ်ပေါ်ခဲ့သော ပြည်တွင်းစစ်ကိုးနှစ်အတွင်း ကြုံတွေ့ခဲ့ရသည့် အနိဋ္ဌာရုံများကို ကိန်းဂဏန်းများဖြင့် ထောက်ပြဟောပြောခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သော အနိဋ္ဌာရုံများမှာ-

(က)ပြည်သူ့ဘက်မှ -ပြည်သူ ၁၉၂၈ ဦး သေဆုံးသည်။
-ကျေးရွာ ၁၅၇၀ ရွာ မီးရှို့ဖျက်ဆီးခံရသည်။
-ကျေးရွာ ၆၇၈ ရွာ ဖျက်ဆီးခံရသည်။
-ရွာ ၇၆၀ ရွာ ပြောင်းရွှေ့ထွက်ပြေးကြရသည်။

(ခ) အစိုးရဘက်မှ ၅၀၁၁ ဦး ကျဆုံးသည်။

(ဂ) လက်နက်ကိုင်များဘက်မှ ၂၈၆၇၆ ဦး ကျဆုံးသည်။

(ဃ)ကာကွယ်ရေးအသုံးစရိတ်များကိုကြည့်လျှင်-
-၁၉၄၉ ခုနှစ်တွင် ၁၀ ကုဋေ
-၁၉၅၀ ခုနှစ်တွင် ၁၂ ကုဋေ
-၁၉၅၁ ခုနှစ်တွင် ၁၃ ကုဋေ
-၁၉၅၂ ခုနှစ်တွင် ၂၂ ကုဋေ
-၁၉၅၄ ခုနှစ်တွင် ၂၄ ကုဋေ
-၁၉၅၅ ခုနှစ်တွင် ၂၈ ကုဋေ
-၁၉၅၆ ခုနှစ်တွင် ၂၉ ကုဋေ
-၁၉၅၇ ခုနှစ်တွင် ၃၁ ကုဋေ
-(၁၉၅၈ ခုနှစ် အသုံးစရိတ်မရရှိသေးချိန်ဖြစ်သည်)

(င) ရဲတပ်ဖွဲ့အသုံးစရိတ်ကိုကြည့်လျှင်-
- သာမန်အသုံးစရိတ်မှာ ငွေကျပ် ၆ ကုဋေမှ ၁၃ ကုဋေအထိလည်းကောင်း၊
- ငွေလုံးငွေရင်းအသုံးစရိတ်တွင် ငွေကျပ် ၆ သိန်းတွင် ၂၉၃ သိန်းအထိ တိုး၍ သုံးလာသည်။

(စ) ဤကုန်ကျစရိတ်များကိုကာမိရန် အခွန်အကောက်များ တိုးမြှင့်ကောက်ခံလာသည်-
-၁၉၄၈ ခုနှစ်တွင် ငွေကျပ် ၅၃၇ သန်း
-၁၉၅၈ ခုနှစ်တွင် ငွေကျပ် သန်း ၉၈၀ အသီးသီးတိုး၍ကောက်ခံခဲ့သည်။

(ဆ)နိုင်ငံတော်ရန်ပုံငွေ လိုငွေပြမှုတွင်လည်း-
-၁၉၅၂ ခုနှစ်တွင် ငွေကျပ် ၆၈ သန်းမှ
-၁၉၅၆ ခုနှစ်တွင် ငွေကျပ် ၁၁၄၅ သန်းအထိ တိုးခဲ့သည်။

(ဇ) လူအသေအပျောက်အပျက်အစီးမှာ ဒုတိယကမ္ဘာစစ်ကာလထက် ပို၍များခဲ့သည်။

(ဈ)ကုန်ဈေးနှုန်းများ မကြားဝံ့သည်အထိ တက်ခဲ့သည်။

(ည)ကျောင်းသား၊ ကျောင်းသူများ ပညာမသင်ကြားရ။

ပြန်လည်သုံးသပ်လျှင် မိမိတို့ဘာကိုလိုချင်၍ ဘာကိုတိုက်နေကြသနည်း-

ထိုစဉ်က လက်နက်ကိုင်များထဲတွင်-
-ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)(BCP)
-ကရင်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(KNDO)

၎င်းနှစ်ဖွဲ့မှာ အင်အားအကြီးဆုံး လက်နက်ကိုင်များဖြစ်သည်။ ၎င်းတို့လွှမ်းမိုးထားသော နိုင်ငံ၏အစိတ်အပိုင်းမှာလည်း ကျယ်ပြန့်သည်။

ဤမျှကျယ်ပြန့်စွာ လက်နက်ကိုင်တော်လှန်နေသူ များပြားနေသည့်အချိန် မည်သို့သော နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ကြမည်နည်း။

နိုင်ငံအတွက် များစွာနစ်နာသည့်ကာလတစ်ခုဖြစ်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီလမ်းကြောင်းနှင့် အုပ်ချုပ်သောခေတ်ဖြစ်၍ လွတ်လပ်သည်ဟုဆိုသော်လည်း မြို့တချို့နှင့် ကျေးလက်တောရွာများတွင် သူခိုး၊ ဓားပြနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ကြောက်ခဲ့ကြရသည်။ ပြည်သူမှာ လုံခြုံမှုမရှိသလို ခံစားကြရသည်။

စာသင်ခန်းသို့သွားရမည့်လူငယ်များ စာသင်ခန်းသို့ မရောက်ခဲ့သည့်အတွက် အသက်ကြီးသော်လည်း မိမိအမည်နေရာမှာပင် နာမည်ရေး၍ လက်မှတ်မထိုးနိုင်ကြဘဲ ကြက်ခြေခတ်ရသည့်ပြည်သူများ အမြောက်အမြားဖြစ်ပေါ်လာခဲ့သည်။

**“စွမ်းအင်ကဏ္ဍအတွက်ဖော်ပြရလျှင် ယနေ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးရှုထောင့်ဖြင့် ကန့်ကွက်နေကြသည့် ကျောက်မီးသွေးကို ကမ္ဘာ့ချမ်းသာသော နိုင်ငံကြီးများတွင် အလျှံပယ်သုံး၍ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ အကြီးအကျယ်ဆောင်ရွက်နေခဲ့သည့် ကာလဖြစ်သည်။ ကမ္ဘာကြီးပူနွေးစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဤကာလများတွင် ဤနိုင်ငံများက အဓိကဆောင်ရွက်ခဲ့ကြသည်...”**

ပြန်ကောက်ရလျှင် ဤကာလသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လွတ်လပ်ရေးရလာကြပြီး နိုင်ငံဖွံ့ဖြိုးရေးအရှိန်ရစပြုလာချိန်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ ပို၍ဖွံ့ဖြိုးလာချိန်ဖြစ်သည်။

စွမ်းအင်ကဏ္ဍအတွက်ဖော်ပြရလျှင် ယနေ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်ဖြင့် ကန့်ကွက်နေကြသည့် ကျောက်မီးသွေးကို ကမ္ဘာ့ချမ်းသာသော နိုင်ငံကြီးများတွင် အလျှံပယ်သုံး၍ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ အကြီးအကျယ်ဆောင်ရွက်နေခဲ့သည့်ကာလဖြစ်သည်။ ကမ္ဘာကြီးပူနွေးစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဤကာလများတွင် ဤနိုင်ငံများက အဓိကဆောင်ရွက်ခဲ့ကြသည်။ အလားတူပင် ပြန်လည်ပြည့်ဖြိုးမြဲရေကိုအသုံးပြုသည်ဆိုကာ ကမ္ဘာ့အကြီးဆုံးအမြင့်ဆုံးတာတမံကြီးများ တည်ဆောက်ခဲ့ကြသည်။

သို့သော် မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် နောက်ကျနေခဲ့သည်။ မိမိတို့အချင်းချင်း မသင့်မမြတ်ဖြစ်ခြင်းကို အခွင့်ကောင်းယူ၍ သပ်လျှိုရန် စောင့်နေသူများကိုပင် ပြည်တွင်းသို့ ဆွဲသွင်းနေကြသူများလည်း ရှိနေပြန်သည်။

ဤမျှရှုပ်ထွေးနေသောနိုင်ငံ မည်ကဲ့သို့တိုးတက်မည်နည်း။

ခေတ်အဆက်ဆက်ဖော်ပြခဲ့သော ပြန်လည်ပြည့်ဖြိုးမြဲရေကို အသုံးချနိုင်မည့်လုပ်ငန်းကြီးများကိုပြန်ကြည့်ပါ။ ကမ္ဘာနှင့်ယှဉ်ပါက မိမိတို့၏ရေအရင်းအမြစ်အသုံးချနိုင်မှုသည် မိမိတို့ပိုင်ပြန်လည်ပြည့်ဖြိုးမြဲရေအရင်းအမြစ်၏ ၄ ရာခိုင်နှုန်းပင်မပြည့်သေးသည့်ကိစ္စ မည်သူ့ကို အပြစ်ပုံချကြမည်နည်း။

မည်သူ့ကိုမျှ အပြစ်ပုံချနေစရာမလိုပါ။ မိမိတို့ပြည်သူတစ်ဦးချင်းစီ၏ ဆုံးဖြတ်ချက်သာ အဓိကဟုဆိုရမည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ၁၀ နှစ်တာကာလလက်ဝယ်သို့ ဒီမိုကရေစီရောက်ရှိချိန်တွင် ပြည်သူများ၏ ဆုံးဖြတ်ချက်သည် အရေးပါခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

**ရန်ကုန်၊ အသိပညာပေး**

## ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြော



ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခြင်းကို ဇူလိုင်လ ၁၂ ရက်က မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကော့မှူး)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ကော့မှူး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှအေးက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလူမင်းက သစ်ပင်များစိုက်ပျိုးခြင်းကြောင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အပူချိန်လျှော့ချရေးနှင့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်များမှ ပေးစွမ်းနိုင်သည့် ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ အပူချိန်လျှော့ချရာတွင် သစ်တောများ၏ အရေးပါမှုများ၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းနှင့် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းနည်းစနစ်များကို ပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(ကော့မှူး) ကျောင်းဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူများက ခရေပင် ၃၀ နှင့် မန်ဂျန်ရှားပင် ၂၀ ကို သရုပ်ပြစိုက်ပျိုးကြသည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ကြောင်း သိရသည်။

**ချမ်းမြေ့**

ပွင့်ဖြူ၊ စိုက်ပျိုးရေး

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၉၃၀ လျာထားစိုက်ပျိုးမည်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံးဧက ၉၃၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောကြားချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာဧက ၉၃၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၃၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေဖို့ ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေးကို တစ်မြို့နယ်လုံးဧက ၉၃၀ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက နေကြာကို သတ်မှတ်လျာထားဧက ပြည့်မီစေဖို့ ဇွန်လဆန်းပိုင်းကစပြီး ကြိုးပမ်းစိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ၃၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသတွင်းမှာ နေကြာအပါအဝင် ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး သီးနှံအမျိုးအစားအလိုက် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေဖို့အတွက် စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းတွေနဲ့ သွင်းအားစု စနစ်တကျသုံးစွဲနည်းတွေကို အလေးထားဆောင်ရွက်ကြဖို့ တောင်သူတွေဆီကွင်းဆင်းပြီး အသိပညာပေးတာတွေဆောင်ရွက်နေပါတယ်"ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် နေကြာဧက ၉၃၀၊ မြေပဲ ၁၆၆၁ ဧက၊ နှမ်း ၁၃၃၉၅ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၅၉၈၆ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး လက်ရှိအချိန်ထိ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နေကြာ ၃၄၂ ဧက၊ မြေပဲ ၆၉၅ ဧက၊ နှမ်း ၁၄၀၉၂ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၅၁၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ရန်ကုန်၊ စိုက်ပျိုးရေး

# စူပါနံ့ကောက်မျိုးကို မိုးစပါးမျိုးစေ့ချကိရိယာ(Seeder) ဖြင့် မျိုးစေ့ချခြင်းကွင်းသရုပ်ပြစိုက်ပျိုးပွဲကျင်းပ


ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်၌ စူပါနံ့ကောက်မျိုးကို မိုးစပါးမျိုးစေ့ချကိရိယာ (Seeder) ဖြင့် မျိုးစေ့ချခြင်း ကွင်းသရုပ်ပြစိုက်ပျိုးပွဲကို ဇူလိုင်လ ၁၄ ရက်တွင် တံခွန်တိုင်(အင်းစိန်) ကျေးရွာအုပ်စု ကွင်းအမှတ် (သမင်းတက်ခွက်မကွင်း) အမှတ် (၇) လမ်းမဘေး တောင်သူဦးလှမြင့်ဦး၏ လယ်မြေခုနစ်ဧက၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးခြင်းအစား မျိုးစေ့ချကိရိယာ (Seeder) စနစ်၊ ပျိုးထောင်စနစ်တို့ဖြင့် စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအောင်က မျိုးစေ့ချကိရိယာ(Seeder) ဖြင့် စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရမည့်နည်းစနစ်များကို တောင်သူများအား အသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူ ဦးလှမြင့်ဦး၏ လယ်မြေခုနစ်ဧကပေါ်၌ စူပါနံ့ကောက်မျိုးကို မိုးစပါးမျိုးစေ့ချကိရိယာ(Seeder) ဖြင့် မျိုးစေ့ချခြင်းကွင်းသရုပ်ပြစိုက်ပျိုးရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**အေးအေးခွဲ့(မြန်/ဆက်)**




လပွတ္တာ၊ စီးပွားရေး

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၈၅၀၀၀ အထိတင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၈၅၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်း၏ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငါးတန်ပိဿာချိန် ၅၉၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးတန်ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးတန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဇွန်လတစ်လတာကာလအတွင်း ငါးတန်ပိဿာချိန် ၈၅၀၀၀ အထိတင်ပို့ရောင်းချခဲ့ရပါတယ်။ မေလကထက် ငါးတန်ပိဿာချိန်တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပြီးခဲ့တဲ့တစ်လကရော လက်ရှိမှာပါ ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်တဲ့ ငါးအမျိုးအစားထဲပါပါတယ်"ဟု ဒေါ်ဝင်းဝင်းကပြောသည်။

လပွတ္တာမြို့နယ်မှထွက်ရှိသော ငါးတန်ကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

ကျွန်းလှ၊ စိုက်ပျိုးရေး

# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၄၀၉၇ ဧက၊ ပဲမျိုးစုံ ၁၆၉၅၃ ဧက၊ ဆီထွက်သီးနှံ ၇၃၁၄ ဧက၊ တခြားသီးနှံ ၁၆၉၄၅ ဧကနှင့် နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေတွေက မိုးကောင်းသောက်လယ်တွေဖြစ်ပေမယ့် ချောင်းပိတ်၊ မြောင်းပိတ်နဲ့ မြေအောက်ရေအသုံးပြုပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ကြပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံမျိုးစုံ ၇၆၈၅၈ ဧက စိုက်ပျိုးဖို့လျာထားဆောင်ရွက်ခဲ့တာ ဇွန်လကုန်အထိ ၂၄၆၂၁ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါ မိုးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပိုးမွှားရောဂါကျရောက်မှုကြိုတင်ကာကွယ်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းမြက်ကင်းရှင်းရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

နေပြည်တော်     ဇူလိုင်     ၁၄

# ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတက်ရောက်ခဲ့သော ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ




အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင်လ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်     ဇူလိုင်     ၁၄

# ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဖြင့် သွင်းအားစုများပေးအပ်ခြင်းအခမ်းအနားကျင်းပ

၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဖြင့် သွင်းအားစုများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ တောင်သူ ဦးကျော်ဇောလင်း၏ GW 11 ဧက ၅၀၀ စိုက်ခင်းအနီးရှိ ရှင်းလင်းဆောင်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ကြမ်းများကို အခြေခံသည့် ပြည်ပပို့ကုန်များအဖြစ် ကုန်ချောများတင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများကို ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဖြင့် သွင်းအားစု သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများကိုပေးအပ်ကြသည်။

ဆက်လက်၍ တောင်သူများက လက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မယ်ဇလီကုန်းကျေးရွာ တောင်သူ ဦးကျော်ဇောလင်း၏ GW 11 ဧက ၅၀၀ စိုက်ခင်းအတွင်း GW 11 နွေစပါးစံကွက်ရိတ်သိမ်းခြင်း၊ ခြင်တွယ်ခြင်းများကို ကြည့်ရှုအားပေးရာ တစ်ဧကအစိုထွက်နှုန်းအနေဖြင့် ၂၂၄ ဒသမ ၂၆ တင်းထွက်ရှိပြီး အခြောက်ထွက်နှုန်းအနေဖြင့် ၁၉၅ ဒသမ ၅၅ တင်းထွက်ရှိကြောင်းသိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

ရန်ကုန်     ဇူလိုင်     ၁၄

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်ပတ်သက်၍ သာကေတမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် ကွင်းဆင်းကြီးကြပ်

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့သွားရောက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သာကေတမြို့နယ်အတွင်း လက်ရှိဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုအခြေအနေ၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ရရှိရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ထပ်မံတိုးမြှင့်ဆောင်ရွက်ရန်လိုအပ်သည်များ၊ သာကေတမြို့နယ်အတွင်း သောက်ရေ၊ သုံးရေရရှိရန်ဆောင်ရွက်နေမှု၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် လိုအပ်သည့်ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ပြည်သူလူထုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေးတို့ကို အလေးထားလုပ်ဆောင်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် အနော်မာ(၂)ရပ်ကွက်တွင် ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အတူ ဗဟို၊ တိုင်းဒေသကြီးနှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များသည် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်သို့ ကွင်းဆင်းကြီးကြပ်ရာ အဆိုပါရပ်ကွက်ရှိ နေအိမ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရပ်ကွက်အတွင်း သောက်သုံးရေရရှိသုံးစွဲနေမှုအခြေအနေတို့နှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(၅၀၀)**

ပွင့်ဖြူ ဇူလိုင် ၁၄

# ပွင့်ဖြူမြို့နယ်၌ နွေနှမ်း ဧက ၃၉၈၇၀ ရိတ်သိမ်းပြီးစီး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နှမ်းဧက ၃၉၈၇၀ အထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၄၇၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများကို ဇွန်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ယနေ့အထိ ဧက ၃၉၈၇၀ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကာ နှမ်း တစ်ဧကလျှင် ၁၁ ဒသမ ၉၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အနေနဲ့ နွေသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၄၇၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံတောင်သူတွေက မိုးသီးနှံ အချိန်မီ စိုက်ပျိုးနိုင်အောင် ဇွန်လ ဒုတိယပတ်ကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ယနေ့အထိ နှမ်းစိုက်ခင်း ဧက ၃၉၈၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ်က နှမ်းစိုက်ခင်းတွေ ပိုးမွှားရောဂါကျရောက်မှု မရှိတာကြောင့် ထွက်ရှိလာတဲ့နှမ်းဟာ အရည်အသွေးကောင်းပြီး အထွက်နှုန်းလည်း ကောင်းမွန်ပါတယ်။ အခုရိတ်သိမ်းခြွေလှေ့တဲ့ နှမ်းသီးနှံအပါအဝင် အခြားသောနွေသီးနှံတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနဲ့သက်ဆိုင်တဲ့ ဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး စိုက်ပျိုးရေးနည်းပညာတွေနဲ့ စိုက်ပျိုးရေလုံလောက်စွာ ရရှိဖို့ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဆီစားသုံးမှုဖူလုံပို့လျှံစေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းစိုက် ဧက ၃၇၃၄၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၄၇၄၅၂ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီ ဇူလိုင် ၁၄

# ဖုံး သွန် လဲ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများဆောင်ရွက်ပေး

မိုးရာသီကာလတွင် ဖြစ်ပွားမှုနှုန်းများသည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ဇူလိုင်လ ၁၃ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့ ကျက်သရေဆောင် သမိုင်းဝင်ရွှေမြင်းဝန်စေတီတော်ဘုရားကြီးဝင်းအတွင်း ဈေးဆိုင်ခန်းများနှင့် နေအိမ်တန်းလျားတို့၌ ဆောင်ရွက်ပေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်မှုဖြင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့်တာဝန်ရှိသူများက ရွှေမြင်းဝန်ဘုရားကြီးဝင်းအတွင်း ဈေးဆိုင်ခန်းများနှင့် နေအိမ်တန်းလျားတို့၌ တစ်အိမ်တက်ဆင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ခြင်၊ ပိုးလောက်လမ်းများ မပေါက်ပွားစေရန် အသုံးပြုနေသည့် ရေစည်၊ ရေကန်များ၊ ဘုရားပန်းအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို စနစ်တကျစုပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(၄၀၆)**

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ဝမ်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ဝမ်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်၊
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်၊
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်၊
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြားဖိကျုံ့ဆွဲနိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်၊
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ-**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ၊
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊
  - ရေကို ကျိုချက်၍သောက်သုံးပါ၊
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ၊
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ၊
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ၊



ဇူလိုင်၊ ၂၀၂၄

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ

ဒေါက်တာ ဥမ္မာစော

ယခုနှစ်မိုးကာလတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်းများလာပြီး ကာလဝမ်းရောဂါဖြစ်ပွားသူတချို့ တွေ့ရှိလာသောကြောင့် လူအများကြားတွင် စိုးရိမ်ပူပန်မှုများရှိနေကြသည်။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် မိုးတွင်းကာလနှင့် မိုးအကုန် ဆောင်းအကူးကာလတွင် ဖြစ်ပွားလေ့ရှိသည်။ အထူးသဖြင့် အသက်ငါးနှစ်အောက် ကလေးငယ်များတွင် ဒုတိယအသေအပျောက်အများဆုံး ရောဂါဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနည်းသော နိုင်ငံများ၌ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝမရရှိခြင်း၊ အစားအာဟာရချို့တဲ့ခြင်း၊ ကိုယ်ခံစွမ်းအားနည်းခြင်းနှင့် တွဲဖက်တီဘီ၊ HIV ရောဂါများရှိခြင်းတို့ကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ပို၍ဖြစ်ပွားနိုင်ပြီး သေဆုံးမှုနှုန်းလည်းများလာနိုင်သည်။

တစ်ရက်လျှင် သုံးကြိမ်အထက် အရည်ဝမ်းများသွားပါက ဝမ်းလျှောသည်ဟု သတ်မှတ်နိုင်သည်။ ပျို့အန်ခြင်း၊ ဖျားခြင်း၊ ဗိုက်နာခြင်းတို့နှင့် တွဲ၍ဖြစ်ပွားလေ့ရှိပြီး ဝမ်းသွားသည့်အကြိမ်ရေများကာ ရေဓာတ်၊ ဆားဓာတ်များလျော့နည်းလာပါက အရေပြားများတွန့်လာပြီး မျက်တွင်းကျလာသည်။ သွေးပေါင်ကျ၊ ဆီးသွားနည်းလာပြီးနောက် ရုတ်တရက် ကျောက်ကပ်ပျက်စီးခြင်း တွေ့ကြုံနိုင်သည်သာမက ရေဓာတ်နှင့်အတူ ဆားဓာတ်လျော့ပါးလာသောကြောင့် စိတ်ကယောင်ကတမ်းဖြစ်ခြင်း၊ သတိမေ့လျော့လာခြင်းအပြင် ရုတ်တရက် နှလုံးခုန်မမှန်ဘဲ နှလုံးရပ်ခြင်းကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်လာနိုင်သည်။ အူလမ်းကြောင်းမှတစ်ဆင့် ရောဂါပိုးများ သွေးတွင်းပျံ့နှံ့ဝင်ရောက်ကာ သွေးဆိပ်ပြန့်၊ သွေးလန့်ခြင်းကြောင့်လည်း အသက်ဆုံးရှုံးနိုင်သည်။

ရာသီဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ပါရာဆိုက်ပိုးမွှားများကြောင့် အဓိကဖြစ်ပွားရခြင်းဖြစ်သည်။ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားတိုင်း ကာလဝမ်းရောဂါ ဖြစ်ပွားခြင်းမဟုတ်ပါ။ ကာလဝမ်းရောဂါသည် လူအစုအဝေးနှင့်ဖြစ်တတ်ပြီး ဝမ်းသွားသည့်အကြိမ်ရေအလွန်များခြင်း၊ ဆန်ဆေးရည်အရောင်ဝမ်းများ သွားခြင်း၊ ပျို့အန်ခြင်းတို့ကြောင့် ရောဂါပြင်းထန်ကာ သေဆုံးမှုနှုန်းများနိုင်သည်။ ရေဓာတ်၊ ဆားဓာတ်များအချိန်မီဖြည့်ဆည်းပေးခြင်း၊ သက်ဆိုင်ရာပိုးသတ်ဆေးများ တိုက်ကျွေးခြင်းဖြင့် ရောဂါသက်သာစေနိုင်သည်။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါအများစုမှာ Escherichia coli ဟုခေါ်သော ဗက်တီးရီးယားပိုး၊ Rota ဟုခေါ်သော ဗိုင်းရပ်စ်ပိုးကြောင့် အဖြစ်များသည်။ ကိုဗစ်-၁၉ ရောဂါပိုးသည်လည်း ဝမ်းလျှောခြင်းကိုခံစားရနိုင်သကဲ့သို့ သန်ပိုးနှင့်တခြားကပ်ပါးပိုး၊ အမီးဘား (Entamoeba) ပိုးများကလည်း ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားစေနိုင်သည်။ ဝမ်းလျှောရောဂါအများစုမှာ နာရီပိုင်း၊ ရက်ပိုင်းအတွင်း သက်သာတတ်ကြပြီး သွေးပါလာပါက ဝမ်းကိုက်ရောဂါ (Dysentery)ဟု ထင်မြင်တတ်ကြသည်။ ၁၄ ရက်ထက်ကျော်ပြီး ဝမ်းပျက်နေပါက နာတာရှည်ဝမ်းပျက်ရောဂါအဖြစ် သတ်မှတ်ကြပြီး HIV ရောဂါ၊ အမီးဘားပိုးနှင့် တခြားကပ်ပါးပိုးများကြောင့် ဖြစ်ပွားနိုင်သည်။ ထို့ပြင် အစာအိမ်၊ မုန့်ချိုအိတ်နှင့် အူလမ်းကြောင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုမမှန်ကန်ခြင်း၊ အူလမ်းကြောင်းတွင် ကင်ဆာရောဂါရှိခြင်းတို့ကြောင့် နာတာရှည်ဝမ်းပျက်ရောဂါ ဖြစ်စေနိုင်သည်။

ဗိုင်းရပ်စ်ပိုးကြောင့် အဖြစ်များသော ဝမ်းပျက်၊ ဝမ်းလျှောခြင်းအတွက် ရေဓာတ်၊ ဆားဓာတ်ဖြည့်ဆည်းခြင်းဖြင့် သက်သာကောင်းမွန်နိုင်သော်လည်း တခြားပိုးများကြောင့်ဖြစ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါအတွက် ရေဓာတ်၊ ဆားဓာတ် ဖြည့်ဆည်းခြင်းအပြင် သက်ဆိုင်ရာပိုးသတ်ဆေးများပေးကာ အချိန်မီကုသမှုခံယူသင့်သည်။ ရောဂါဖြစ်ခါစကပင် မိမိအိမ်၌ ရေကျက်အေး၊ ရေသန့်များနှင့်ဓာတ်ဆားရည်ဖျော်၍ ဝမ်းသွားသလောက် သောက်ထားသင့်ပြီး ကြေလွယ်၊ နူးလွယ်သည့် အစာများကိုလည်း စားနိုင်သလောက်စားသင့်သည်။ ဝမ်းသွားသည့်အကြိမ်ရေများပါက ရေဓာတ်ခန်းခြောက်သည့်လက္ခဏာများ ပိုဆိုးလာခြင်း၊ ဝမ်းတွင်သွေးပါခြင်း၊ ဗိုက်နာ၊ အဖျားကြီးခြင်း၊ ဆီးနည်း၍ ကယောင်ကတမ်းဖြစ်ခြင်းများရှိပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသသင့်သည်။

> “ရာသီဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ပါရာဆိုက်ပိုးမွှားများကြောင့် အဓိကဖြစ်ပွားရခြင်းဖြစ်သည်။ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားတိုင်း ကာလဝမ်းရောဂါ ဖြစ်ပွားခြင်းမဟုတ်ပါ။ ကာလဝမ်းရောဂါသည် လူအစုအဝေးနှင့်ဖြစ်တတ်ပြီး ဝမ်းသွားသည့် အကြိမ်ရေအလွန်များခြင်း၊ ဆန်ဆေးရည်အရောင်ဝမ်းများသွားခြင်း၊ ပျို့အန်ခြင်းတို့ကြောင့် ရောဂါပြင်းထန်ကာ သေဆုံးမှုနှုန်းများနိုင်သည်။ ရေဓာတ်၊ ဆားဓာတ်များ အချိန်မီဖြည့်ဆည်း ပေးခြင်း၊ သက်ဆိုင်ရာ ပိုးသတ်ဆေးများ တိုက်ကျွေးခြင်းဖြင့် ရောဂါသက်သာစေနိုင်သည်…”

ဝမ်းပျက်၊ ဝမ်းလျှောခြင်းသည် မဖြစ်ပွားအောင်နှင့် ပျံ့နှံ့မှုမရှိအောင် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြစ်သည်။ အဓိကကူးစက်မှုမှာ မစင်တွင်ပါသော အူရောင်ဝမ်းပျက်စေသည့် ရောဂါပိုးမွှားများသည် အစားအစာ၊ သောက်သုံးရေများ ထဲရောက်ရှိပြီး အဆိုပါအစားအစာနှင့် သောက်သုံးရေကို စားသုံးမိခြင်းကြောင့် ဖြစ်ရသည်။ အိမ်သာတက်ပြီး၊ အညစ်အကြေးများကိုင်တွယ်ပြီး လက်ကိုသေချာမဆေးခြင်းကြောင့် မသန့်ရှင်းသောလက်ဖြင့် အစားအသောက်များကိုင်တွယ်ရာမှ ကူးစက်နိုင်သည်။ ယင်ကောင်များသည် မစင်၊ အညစ်အကြေးများပေါ် နားပြီး ထိုမှတစ်ဆင့် အစားအသောက်များတွင် လာနားခြင်းကြောင့် ယင်၏ခြေထောက်၊ ခန္ဓာကိုယ်တွင် ကပ်ငြိလာသော ရောဂါပိုးများ အစားအသောက်ထဲသို့ ရောက်ရှိကူးစက်ရသည်။ ထို့ပြင် မိုးရွာသွန်းခြင်းကြောင့် ရေတွင်း၊ ရေကန်ရေလျှံမှုများ၊ မိလ္လာကန်လျှံမှုနှင့်အတူ သောက်သုံးရေများအတွင်း မစင်ရောဂါပိုးများရောက်ရှိလာခြင်းကြောင့် ဖြစ်ပွားနိုင်သည်။ မသန့်ရှင်းသောလက်ဖြင့် အစားအသောက်များ ပြင်ဆင်ရောင်းချခြင်း၊ ရောင်းချသောအစားအစာများတွင် ယင်များနားခြင်းတို့ကြောင့် ဈေးဆိုင်များမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားနိုင်သည်။

လူတစ်ဦးချင်းအနေဖြင့် အစာမစားမီနှင့် အစားအစာမပြင်ဆင်မီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောသင့်သည်။ အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်၊ အိမ်သာမှဆင်းချိန်တို့တွင် လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောသင့်သည်။ မိမိအိမ်မှ စားစရာများကိုလည်း ယင်မနားအောင်ဖုံးအုပ်ထားရမည်။ သောက်ရေသန့်သို့မဟုတ် ရေကိုကျိုချက်သောက်သုံးသင့်သည့်အပြင် အစားအစာများကိုကျက်အောင် ချက်ပြုတ်စားသောက်ရမည်။ ဟင်းသီးဟင်းရွက်များကို ရေဖြင့်အထပ်ထပ်ဆေးကြောခြင်း၊ ဆားရည်စိမ်ခြင်း၊ ဗင်နီကာဖြင့်ဆေးကြောခြင်းများ ပြုလုပ်သင့်သကဲ့သို့ အသီးအရွက်များကို တတ်နိုင်သမျှ အစိမ်းမစားဘဲ ကြော်ချက်၍စားသုံးသင့်သည်။ ဈေးသည်များကလည်း အစားအသောက်များရောင်းချရာတွင် လက်ကိုသေချာဆေးခြင်း၊ လက်အိတ်အသုံးပြုကိုင်တွယ်ခြင်းအပြင် အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ထားသင့်သည်။ မိသားစုတိုင်း ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲရမည်ဖြစ်ပြီး ယင်မပေါက်ပွားစေရန် အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ကာ ပတ်ဝန်းကျင်သန့်ရှင်းရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်။ မိမိတို့၏တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ရမည်။ ကာကွယ်ရေးလုပ်ငန်းများကို တစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှသည် လူထုအင်အားဖြင့် ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သည်။

ကျန်းမာရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများကဦးဆောင်၍ ရေတွင်း၊ ရေကန်များတွင် ဆေးခတ်သန့်စင်ခြင်း၊ မိလ္လာကန်များ စနစ်တကျဖုံးအုပ်စေခြင်း၊ ယင်ပေါက်ပွားရာနေရာများရှင်းလင်းခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသင့်သည်။ လက်ရှိတွင်လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ကာကွယ်ရေးလုပ်ငန်းစဉ်များကို စာသင်ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘုန်းတော်ကြီးကျောင်း၊ ဈေးနှင့်ရပ်ကွက်များ၌ပါ ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ကုသရေးလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်း၊ ကုသမှုဆိုင်ရာ လိုအပ်သည့်ဆေးဝါးများ ဖြည့်တင်းခြင်း၊ ကာလဝမ်းရောဂါဖြစ်ပွားသည်ကိုတွေ့ရှိပါက ဆက်လက်သတင်းပို့စေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မိမိတစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီက ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်း၊ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စေတနာထား ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခြင်းကို အောင်မြင်စွာတားဆီး၊ ကာကွယ်၊ ကျော်လွှားနိုင်မည်ဖြစ်သည်။ ရှေးယခင်က ကာလဝမ်းရောဂါဖြင့် သေဆုံးမှုနှုန်းမြင့်မားခဲ့သော်လည်း လက်ရှိတွင် ထိရောက်သောဆေးဝါးများနှင့် ကုသမှုခံယူနိုင်သဖြင့် အမြန်ဆုံးပြန်လည်ကျန်းမာလာနိုင်မည်ဖြစ်သည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးအသိ၊ သတိတို့ဖြင့် ကူးစက်ရောဂါများ ပြန့်ပွားမှုကို တားဆီးကာကွယ်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

ကျောက်ဆည်၊ စိုက်ပျိုးရေး

## စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်ရေး အောက်လင်းဇင်းရေပေးမြောင်းမှ ရေကျအဆောက်အအုံတစ်ခု ပြန်လည်ပြုပြင်ပေး



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ သီးနှံမျိုးစုံဧက ၁၃၀၀ အတွက် စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်ရေး အောက်လင်းဇင်းရေပေးမြောင်းမှ ရေကျအဆောက်အအုံတစ်ခု ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေကျအဆောက်အအုံသည် ကျောက်ဆည်မြို့နယ် ပုန်းညက်ကျေးရွာအနီး၌တည်ရှိပြီး နှစ်ကာလကြာမြင့်သောကြောင့် ရေအဝင်ပိုင်းနှင့်ရေအထွက် မြေကာနံရံပျက်စီးကာ မြောင်းပေါင်ရေတိုက်စားပျက်စီးမည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိသဖြင့် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုငွေကျပ် ၂၉ သိန်းဖြင့် ရေကျအဆောက်အအုံ၏ အထက်၊ အောက် မြောင်းကြမ်းပြင်များ၊ မြောင်းပေါင်နှုတ်ခမ်းများ ပြန်လည်ပြုပြင်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေကျအဆောက်အအုံပြန်လည်ပြုပြင်ပေးသောကြောင့် ဆည်မြောင်းရေများ ရာသီမရွေးအသုံးပြုနိုင်ပြီဖြစ်ပြီး သီးနှံများစိုက်ပျိုးရာတွင် လိုသလိုအသုံးပြုနိုင်သည့်အတွက် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

တောင်ကြီး၊ အားကစား

# ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ် အားကစားကွင်း၌ ဇူလိုင်လ ၁၃ ရက် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်ဒေါက်တာလှဝင်းမြင့်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်(တောင်ကြီး)ရှိ အတန်းလိုက် Cheer Leader အကမယ်များက ပန်းဖွားအကဖြင့် ကပြဖျော်ဖြေပြီး ဆေးတက္ကသိုလ်(တောင်ကြီး) Final Part-1 Fc အသင်းနှင့် Final Part-2 Fc အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၁၃ ရက်မှ ဇူလိုင်လ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆေးတက္ကသိုလ်(တောင်ကြီး)မှ ပြိုင်ပွဲဝင်သင်တန်းနှစ်အလိုက် ကျောင်းသားအသင်းလေးသင်းက အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

ကျေးသီး၊ လူမှုရေး

# ကျေးသီးမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်ဘောလုံးကွင်း၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်ရှာဖွေရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို ဇူလိုင်လ ၁၃ ရက်တွင် ဆောင်ရွက်သည်။



ရှေးဦးစွာ ကျေးသီးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဝင်းကြိုင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေရေး၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ရှာဖွေစုဆောင်းထားရှိမှု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကယ်ဆယ်ရေးပစ္စည်းအသုံးပြုပုံများကို လက်တွေ့သရုပ်ပြသခြင်း၊ ကြက်ခြေနီတပ်ဖွဲ့မှ တပ်ခွဲမှူး ဦးစိုင်းနောင့်က ရှေးဦးသူနာပြုစုခြင်းတို့ကို သရုပ်ပြသသည်။

ဆက်လက်၍ ကျေးသီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလူလှနှင့် ဒုတိယရဲမှူးသန်းထွန်းတို့က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုကာ အန္တရာယ်များကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အားလုံးချိတ်ဆက်ကူညီပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့်မှုများကို ကျေးသီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ အမျိုးသမီးရေးရာအဖွဲ့ဝင်များ လေ့လာကြည့်ရှုကြကြောင်းသိရသည်။ (၄၁၄)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## လေးစားအစဉ်သာ ဦးညွှတ်လျက်ပါ

➢ ဗိုလ်ချုပ်အောင်ဆန်း၊ ပြည့်အသည်းပန်းသည်
ပန်းကောင်းတစ်ပွင့်၊ ပြည့်ဂုဏ်တင့်ကာ
ရိုးကျင့်မြင့်ကြုံ၊ သူ့ဟန်ပန်နှင့်
မှန်တာပြောလုပ်၊ သူ့သရုပ်ကြောင့်
ဗိုလ်ချုပ်ဖခင် သမိုင်းတွင်၏။

➢ ကိုလိုနီအဖြစ်၊ နွံမှာနစ်သည့်
ချစ်သည့်မြန်မာ၊ ပြည်သာယာကို
တို့သာပိုင်စိုး၊ သခင်မျိုးမို့
လှမ်းမိုးလာသူ၊ တို့ရန်သူတည်း
ဘယ်သူဖြစ်ဖြစ်၊ မောင်းထုတ်ပစ်မည်
သွေးစစ်ပီပေ့ မြန်မာဟေ့။

➢ အများကောင်းရေး၊ အစဉ်တွေး၍
ကိုယ်ရေးကိုယ်တာ၊ လက်ဗလာနှင့်
မြန်မာပြည်အရေး၊ အလေးပေးသူ
စာရေးဆရာ၊ ဝါသနာနှင့်
လွန်စွာကြိုးစား၊ ဖြောင့်ရိုးသားသူ
မနားမနေ၊ တိုင်းမြန်ပြေ(ပြည်)ကို
အခြေမြင့်မြင့်၊ ဂုဏ်ရှိန်တင့်အောင်
တွေးချင့်ပိပြင် သူကယ်တင်၏။

➢ တိုင်းပြည်ကိုပင်၊ သာစေချင်၏
နေ့စဉ်ဘဝ၊ ပြည်သာလှအောင်
မြန်မာ့အရေး၊ စဉ်မြဲတွေးကာ
ကိုယ်ရေးအတ္တ၊ မြူတစ်စမျှ
အဂတိကင်းရှင်း၊ နေထိုင်ခြင်းမှာ
စိတ်ရင်းစိတ်ထား လွန်လေးစား၏။

➢ လွတ်လပ်ရေးလမ်း၊ ခရီးကြမ်းကား
ပန်းခင်းထားသည်၊ မဟုတ်ပြီမို့
သေမည်သိလည်း၊ သွေးကားရဲ၏
ရဲရဲနီစွေး၊ သတ္တိသွေးဖြင့်
သက်ပေး၍သွား၊ ဇာနည်များအား
လေးစားအစဉ်သာ ဦးညွှတ်လျက်ပါ။ ။

**အာကာမောင်မောင်**

သာယာဝတီ ဇူလိုင် ၁၄

# သာယာဝတီခရိုင်အတွင်း စိုက်ပျိုးစွမ်းအား ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးစွမ်းအား ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ လက်ဆွဲကောက်စိုက်စက်ဖြင့် တောင်သူသရုပ်ပြ YSR-1 မျိုးသန့်မျိုးစေ့ထုတ် မိုးစပါးစိုက်ပျိုးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် ပတ်တော်ကျေးရွာအုပ်စု မြစ်သာကျွန်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ဆီထွက်သီးနှံမိုးနှမ်းဧက ၅၀ စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။ ၎င်းနောက် မိုးညိုမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့်မြစ်သာမြစ်အကြား မြစ်ရေမြင့်တက်မှုကြောင့် မိုးကြိုနှမ်းဧက တစ်သောင်းခန့် ရေကြီးနစ်မြုပ်ထိခိုက်မှုအခြေအနေအားကွင်းဆင်းကြည့်ရှုခဲ့ပြီး သီးနှံလျော်ကြေးပေးနိုင်ရေး ထိခိုက်ပျက်စီးဧကများ စာရင်းဇယားစနစ်တကျကောက်ယူသွားရန် တာဝန်ရှိသူများအားမှာကြားခဲ့ပြီး နှမ်းစိုက်ဒေသခံတောင်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် လက်ပံတန်း-မိုးညို-နတ်တလင်းလမ်းပေါ်ရှိ ဘုရားဖြူချောင်းဖြတ်မြစ်သာတံတား သံဘေလီသစ်သားကြမ်းခင်းတံတားကြံ့ခိုင်မှုအားနည်းနေ၍ သံကူကွန်ကရစ်တံတားသစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

ရန်ကုန် ဇူလိုင် ၁၄

# တိုက်ကြီးမြို့နယ် သေနပ်ချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သေနပ်ချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ကပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ငါးမျိုးစိုက်ထည့်မည့် နှစ်လက်မအရွယ်ငါးသားပေါက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများထံသို့ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများက ငါးမြစ်ချင်းတစ်သိန်း၊ ငါးနုံမတစ်သိန်း စုစုပေါင်း နှစ်လက်မအရွယ် ငါးသားပေါက်အကောင်ရေနှစ်သိန်းအား သေနပ်ချောင်းသဘာဝရေပြင် အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင်ငွေရရှိစေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့စေရန်၊ ငါးရိက္ခာများရေရှည်စားသုံးနိုင်ရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေ ၁၀၃ ဒသမ ၆၀ သိန်းအား မျိုးစိုက်ထည့်ရန်လျာထားကြောင်းသိရသည်။ **ဝန်းရံ**

နေပြည်တော် ဇူလိုင် ၁၄

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ





ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၁၂ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်မြို့နယ်၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၅၀၄)တန်၊ အခြားသစ် (သုည ဒသမ ၂၆၅)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၁၀၉၄)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၁၃ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှကျေးရွာဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lenovo Laptop Computer (Used) (၄၀) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၅၁၀၉၄)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် တောင်တရုတ်ပင်လယ်ပြင်ရှိ လေဖိအားနည်းဆဲလ်မှ ရွေ့လျားလာသောတိမ်တိုက်များကြောင့် မိုးသည်ထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

နေပြည်တော် ဇူလိုင် ၁၄

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၁၂ ရက် ည ၆ နာရီတွင် ဘားအံမြို့နယ် နတ်ထိပ်ကျေးရွာအုပ်စု နောင်တုတ်ကျေးရွာရှိ စောအငဲ့၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဇူလိုင်လ ၁၃ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စု အိန္ဒဲကျေးရွာရှိ စောဝေလင်းအောင်(ခ)စောအဆူး၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ အလားတူပူးပေါင်းအဖွဲ့သည် ည ၈ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ (၂၀)ရပ်ကွက် ညောင်ရမ်းလမ်းတွင် ရင်ထွေးအောင်(ခ)ပြောင်ကြီး မောင်းနှင်ပြီး မနွယ်နွယ်ဝင်း(ခ)နွယ်နွယ်လိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



စောအငဲ့နှင့် စောဝေလင်းအောင်(ခ)စောအဆူးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



မနွယ်နွယ်ဝင်း(ခ)နွယ်နွယ်နှင့် ရင်ထွေးအောင်(ခ)ပြောင်ကြီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ပြည်သူရဲ့တပ်မတော်

**ကျွန်ုပ်တို့တပ်မတော်ဟာ ပြည်သူများထဲကပေါ်လာတဲ့တပ်မတော်ပဲ ပြည်သူများအတွက်ဖြစ်တဲ့ ပြည်သူရဲ့တပ်မတော်ပဲ။ ဘယ်အခါမဆို အခါမလင့် ခင်ဗျားတို့အခွင့်အရေးနှင့်အကျိုးများကို ကာကွယ်ရန်အတွက်ထားတဲ့တပ်မတော်ပဲ။**

(၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် မြို့လုံးကျွတ်အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နေပြည်တော် ဇူလိုင် ၁၄

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့်တွေ့ဆုံ



ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးသည် ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများနှင့် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်း၊ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထွေး၊ တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဥပဒေချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဥပဒေရုံးများ၏အခြေအနေများကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်က အမှုကိစ္စများအတွက် အကြံပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရာတွင် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိရာ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထွေးတို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေပြည်တော် ဇူလိုင် ၁၄

# နေပြည်တော်နည်းပညာတက္ကသိုလ် မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတက်ရောက်

နေပြည်တော်နည်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မိုးရာသီအားကစားပြိုင်ပွဲ၏ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

မိုးရာသီအားကစားပြိုင်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြရာ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စက်မှုအင်ဂျင်နီယာဘာသာရပ်အသင်းနှင့် အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံညွှန့်ပေါင်းအသင်းက ၇ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် နေပြည်တော်နည်းပညာတက္ကသိုလ်မှ ကျောင်းသူလေးများက ပန်းဖွားအကနှင့် Sports Dance တို့ဖြင့် အဖွဲ့လိုက်မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေကြပြီး



ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တာဝန်ရှိသူများက e-Sports ပြိုင်ပွဲဆုရအသင်းများ၊ ဒိုင်အဖွဲ့နှင့်အကအဖွဲ့များ၊ ဖူဆယ်ပြိုင်ပွဲ အကောင်းဆုံးအားကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆုနှင့် အကောင်းဆုံးဂိုးသမားဆုများ၊ နှစ်သိမ့်ဆုရအသင်း၊ ဒုတိယဆုရအသင်းနှင့် ဒုတိယဝန်ကြီးက ဖူဆယ်ဘောလုံးပြိုင်ပွဲ ပထမဆုရအသင်းတို့ကို ဆုတံဆိပ်လည်ဆွဲ၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၀)**

⏭ **ရှေ့ဖုံးမှအဆက်**

ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်း အထက်ဆင်သေကြိုးဝိုင်းအကွက်အမှတ် ၅၆ ရှိ နေရာတစ်နေရာ၊ ဧရိယာ ၁၀ ဒသမ ၅ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားကိုးမျိုးဖြစ်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်း၊ မန်ကျည်းရှား စသည့်သစ်စေ့များဖြင့်ပြုလုပ်ထားသော သစ်စေ့မြေလုံးစုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်းအစီအစဉ်သို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဟန်သူ၊ နယ်မြေခံလေတပ်စခန်းစခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း) ဦးဖေချစ်နှင့်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး နံနက် ၉ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချသည်။

သစ်စေ့မြေလုံးပြုလုပ်ရန် သစ်မျိုးရွေးချယ်ရာတွင် အပင်ပေါက်ရောက်မှုနှုန်းအနည်းဆုံး(၆၀ ရာနှုန်း)နှင့်အများဆုံး (၉၀ ရာနှုန်း)ပေါက်ရောက်ပြီး အပင်ပေါက်ရောက်မှုရာခိုင်နှုန်းကောင်းမွန်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်း၊ မန်ကျည်းရှားစသည့် သစ်မျိုးကိုးမျိုးကိုသာ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ်စေ့အရွယ်အစားအရ သစ်စေ့မြေလုံးတစ်လုံးလျှင် သစ်စေ့နှစ်စေ့မှငါးစေ့အထိ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှုအထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်းရေဝေရေလဲဒေသအတွင်း သစ်စေ့ကြဲချခြင်းအောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့်သစ်စေ့မျိုးအလိုက်ပေါက်ရောက်ရှင်သန်နိုင်မှုအခြေအနေစာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၄

# ကျိုင်းတုံမြို့၊ ရပ်တော်မူ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပွဲပြုလုပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရပ်တော်မူ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်း၊ တောင်တန်းသာသနာပြုထောက်ပံ့ရေးအသင်း၏ နဝမအကြိမ်မြောက် တောင်တန်းသာသနာပြုရဟန်းတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့၊ ရပ်တော်မူ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်း၌ ပြုလုပ်ရာ ကျိုင်းတုံမြို့နယ်၊ သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ အလှူရှင်များ တက်ရောက်ကြသည်။



ကျိုင်းတုံမြို့၊ ရပ်တော်မူထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲပြုလုပ်စဉ်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကြည်ညိုကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာ့ဝေပုလ္လကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိဇယထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၁၄

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ် လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခန္တီးမြို့နယ်အတွင်းရှိ ပေါ်မိုင်းရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခန္တီး)၊ ဇီးဖြူကုန်းရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)၊ နာဂရိုးရာကွင်း၊ ဇေယျာသုခဘုန်းတော်ကြီးကျောင်း၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်ခရစ်ယာန်ကျောင်း၊ ဆင်သေကျေးရွာ၊ အမှတ်(၄)ရပ်ကွက်နှင့် နန်းမုံကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❑ **ကျောဖုံးမှအဆက်**

အနိုင်ရရှိခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် မျိုးဆက်ပိုင်ကလည်းကောင်း၊ ပွဲချိန် မိနစ် ၆၀ တွင် Mogou ကလည်းကောင်းအသီးသီး သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံပေါ့အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့် Mogou က ဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဟံသာဝတီယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၉ မိနစ်တွင် ကျော်မျိုးနိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် အသင်းခေါင်းဆောင် လာဒင်မောရာက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

ရန်ကုန် ဇူလိုင် ၁၄

# မြန်မာ့လက်ရွေးစင်အသင်းများပါဝင်ယှဉ်ပြိုင်မည့် အာရှယူ-၁၇ ပြိုင်ပွဲနှင့် အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်ဇယားများထုတ်ပြန်

မြန်မာ့လက်ရွေးစင်ယူ-၁၇ အသင်းနှင့် မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည့် အာရှယူ-၁၇ ပြိုင်ပွဲနှင့် အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်ဇယားများကို အာရှဘောလုံးအဖွဲ့ချုပ်က ယနေ့တွင်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းသည် အုပ်စု(I)တွင် ကာဂျစ်စတန်အသင်း၊ ဂျပန်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းသည် စက်တင်ဘာလ ၂၅ ရက်တွင် ကာဂျစ်စတန်အသင်းနှင့် လည်းကောင်း၊ စက်တင်ဘာလ ၂၇ ရက်တွင် ဂျပန်အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာလ ၂၉ ရက်တွင် တာ့ခ်မင်နစ္စတန်အသင်းနှင့်လည်းကောင်း အသီးသီးကစားသွားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းပါဝင်ကစားမည့် အုပ်စု(I)ကို အိမ်ရှင်အဖြစ် ကာဂျစ်စတန်နိုင်ငံကလက်ခံကျင်းပသွားမည်ဖြစ်သည်။

အလားတူ အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် မြန်မာ့လက်ရွေးစင်ယူ-၁၇ အသင်းသည် အုပ်စု(I)တွင် ယီမင်အသင်း၊ ဗီယက်နမ်အသင်းနှင့် ကာဂျစ်စတန်အသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာလ ၂၃ ရက်တွင် ယီမင်အသင်းနှင့်လည်းကောင်း၊ အောက်တိုဘာလ ၂၅ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ အောက်တိုဘာလ ၂၇ ရက်တွင် ကာဂျစ်စတန်အသင်းနှင့်လည်းကောင်း အသီးသီးကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ယူ-၁၇ အသင်းပါဝင်ကစားမည့် အုပ်စု(I)ကို အိမ်ရှင်အဖြစ် ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဇူလိုင် ၁၄

# မော်လမြိုင်မြို့၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်လွှဲအပ်ပွဲ ပြုလုပ်




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဆောင်သစ်လွှဲအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဦးသာညွှန်းဆောင်၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်နာယက က အဆောက်အဦနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ယနေ့ဖြင့် သတိတရားထားဖို့အခြေ

ဘုန်းမောင်ဝင်း(ဖျာပုံ)

နှစ်လရာသီ ခါရာသီရွေ့ပေမယ့် အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ. . ယနေ့ဖြင့်သတိတရားထားဖို့အခြေ အများပြည်သူတွေ အများပြည်သူတွေ. . . အာဇာနည်နေ့ကိုလေ တွေးရှုကာပဲအလေးပြုပါမယ်ရှင်. . .

နှစ်စဉ်နှစ်တိုင်း အာဇာနည်နေ့ရောက်ခါနီးလေတိုင်း ကြားနေရတဲ့သီချင်းဖြစ်ပါတယ်။ အဆိုတော် မေလှမြိုင်ရဲ့မူရင်းသီဆိုသံတွေ၊ နောက်လူငယ်တွေရဲ့ သီဆိုသံတွေ ဘယ်သူပဲဆိုဆို ရင်ထဲမှာလွမ်းရတာတော့အမှန်ပါပဲ။ ဘာကြောင့်များမြန်မာ့သမိုင်းမှာ အမည်းစက်ကြီး စွန်းထင်းကျန်ခဲ့ရတာလဲဆိုတဲ့ အတွေးက ရင်ထဲမှာအမြဲရှိနေပါတယ်။ စိတ်မကောင်းခြင်းကြီးစွာဖြစ်မိနေပါတယ်။ အခု ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်ဆို ဗိုလ်ချုပ်အောင်ဆန်းနဲ့အာဇာနည်ခေါင်းဆောင်ကြီးတွေကျဆုံးခဲ့တာ(၇၇)နှစ်သို့ရောက်ပါပြီ။ မြန်မာ့လွတ်လပ်ရေးရခဲ့တာ ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်တည်းကြိုးစားလို့ရခဲ့တာ မဟုတ်ပေမယ့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုကောင်းလို့ဆိုတာကတော့အမှန်ပဲဖြစ်ပါတယ်။

တပ်မတော်ကိုစတင်တည်ထောင်ခဲ့တဲ့ လွတ်လပ်ရေးဗိသုကာကြီးရဲ့ စိတ်ဓာတ်အမွေကိုတပ်မတော်သားတို့လက်ခံကျင့်သုံးနေပါတယ်။ အကယ်၍များ အာဇာနည်နေ့ဆိုတာကြီး မပေါ်ပေါက်ခဲ့ရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ ဂျွန်ဦးစောဆိုတဲ့ ပုဂ္ဂိုလ်ကြီးသာ အငြိုးအတေးမရှိဘဲ ပူးပေါင်းလုပ်ဆောင်ခဲ့ကြမယ်ဆိုရင် မြန်မာပြည်သူတွေ ခုလိုမျိုးပူဆွေးရောက်ရတဲ့အဖြစ်မျိုးရှိမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံကံဆိုးလိုက်လေခြင်းဆိုပြီး ခံပြင်းဒေါသဖြစ်မိပါတယ်။ မြန်မာတွေကံဆိုးအောင် ဘယ်သူကဖန်တီးခဲ့တာလဲဆိုတဲ့ မေးခွန်းတစ်ခုကို အဖြေရှာကြည့်လိုက်တော့ တရားခံစစ်စစ်က နယ်ချဲ့အင်္ဂလိပ်တွေပါပဲ။

မြန်မာနိုင်ငံကို မတရားစစ်ပွဲသုံးကြိမ်နွဲပြီး ကိုလိုနီလက်အောက်ခံအဖြစ်ထားရှိခဲ့တာ အင်္ဂလိပ်ပါပဲ။ အင်္ဂလိပ်တွေဟာနယ်ချဲ့တဲ့နေရာမှာ ဘက်စုံစစ်ပွဲဆင်နွှဲပြီးနယ်ချဲ့ခဲ့တာဖြစ်ပါတယ်။ အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲအပြီးမှာ မြန်မာတွေနိုးကြားတက်ကြွလာကြပါတယ်။ ကနောင်မင်းသား၊ ယောမင်းကြီးဦးဖိုးလှိုင်တို့ဟာမြန်မာနိုင်ငံခေတ်မီဖို့ အရေးတွေးဆပြီး တီထွင်စမ်းသပ်မှုတွေ လုပ်ဆောင်ကြပါတယ်။ လက်နက်စက်ရုံအပါအဝင် အဲဒီခေတ်က စက်ရုံပေါင်း ၅၀ ကျော်တည်ဆောက်နိုင်ပါတယ်။ အထူးခြားဆုံးကတော့ ရေမြှုပ်ငုံးစမ်းသပ်တီထွင်အောင်မြင်မှုပါပဲ။ အင်္ဂလိပ်တွေတတိယစစ်ပွဲနွှဲဖို့ချီတက်လာရင် ဧရာဝတီမြစ်ကြောင်းအတိုင်းရေကြောင်းကနေချီလာမှာဖြစ်လို့ ရေမြှုပ်ငုံးတီထွင်အောင်မြင်မှုဟာ ကြီးမားတဲ့အောင်မြင်မှုပါပဲ။

ရေမြှုပ်ငုံးစမ်းသပ်တီထွင်အောင်မြင်မှုကို ကနောင်မင်းသားကြီးကဦးဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ အင်္ဂလိပ်တို့အနေနဲ့ ကနောင်မင်းသားဟာ သူတို့ရဲ့ရန်သူသဖွယ်ဖြစ်လာပါတယ်။ ဒါ့ကြောင့် ကနောင်မင်းသားကိုလုပ်ကြံဖို့ မြင်ကွန်းနဲ့မြင်းခုံတိုင်ညီနောင်ကိုသွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးပြီး သတ်ခိုင်းခဲ့တာဖြစ်ပါတယ်။ ကနောင်မင်းသားသေဆုံးခြင်းဟာ မြန်မာတွေအတွက် ဆုံးရှုံးမှုကြီးတစ်ခုပင်ဖြစ်ပါတယ်။ မြင်ကွန်းညီနောင်ထွက်ပြေးတဲ့အခါ လက်ခံခဲ့တာဟာ အင်္ဂလိပ်တွေဖြစ်ပါတယ်။ ဒါကကျွန်မဖြစ်မီ အတိတ်ကဖြစ်ရပ်ပါ။ မြန်မာနိုင်ငံကိုလိုနီဘဝရောက်တဲ့အခါ ထူးချွန်တဲ့ခေါင်းဆောင်ကောင်းတစ်ဦးပေါ်ထွက်လာပါတယ်။ သူကတော့ သခင်အောင်ဆန်းဖြစ်ပါတယ်။

သခင်အောင်ဆန်းဟာ ကျောင်းသားဘဝကတည်းက "ငါ့နိုင်ငံလွတ်လပ်ရေးရဖို့ ငါကြိုးစားမယ်" ဆိုတဲ့ စိတ်နဲ့ ပညာကိုလည်းတတ်အောင်သင်တယ်။ အတွေ့အကြုံများများရရှိဖို့တော့စာတွေဖတ်တယ်။ ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ဖြစ်စမှာ အင်္ဂလိပ်အခက်-ဗမာ့အချက်လို့ ကြိုတင်မြော်တွေးပြီး တပ်မတော်တစ်ရပ်ကို ဦးဆောင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်မှာစတင်ဖွဲ့စည်းခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တွေကိုတော်လှန်ခဲ့ပါတယ်။ မိတ်ဆွေအဖြစ်အားကိုးခဲ့တဲ့ဖက်ဆစ်တွေဟာလည်း မိတ်ဆွေမစစ်တဲ့အခါ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်မှာ တပ်မတော်နဲ့အတူ ပြည်သူအားလုံးကဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ကြပါတယ်။ ဒုတိယအကြိမ်မြန်မာနိုင်ငံသို့ ပြန်ရောက်လာတဲ့အင်္ဂလိပ်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တပ်မတော်၊ ပြည်သူတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့မြင်တွေ့ရတဲ့အခါ သူတို့လွတ်လပ်ရေးမဖြစ်မနေပေးရတော့မယ်ဆိုတာသိလာပါတယ်။ ဒါ့ကြောင့်လည်း အင်္ဂလိပ်တွေဟာပြည်မနဲ့တောင်တန်းကိုသွေးခွဲထားတဲ့အတိုင်း တောင်တန်းဒေသတွေကို လွတ်လပ်ရေးမယူသေးကြဖို့စည်းရုံးပါသေးတယ်။

နယ်ချဲ့အင်္ဂလိပ်တွေ ဘယ်လိုပဲသွေးခွဲစည်းရုံးပေမယ့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေဟာ မြန်မာတစ်နိုင်ငံလုံးလွတ်လပ်ရေးကိုရယူကြမယ်ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြခဲ့ကြပါတယ်။ အဲဒါကတော့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်က လက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစာချုပ်ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ အချိန်နဲ့အမျှ နိုင်ငံ့လွတ်လပ်ရေးရရှိဖို့ကြိုးပမ်းနေသူဖြစ်ပါတယ်။ တစ်နှစ်အတွင်းမှာ လွတ်လပ်ရေးရစေမယ်လို့လည်း ပြည်သူတွေကိုကတိပြုထားပါတယ်။ အင်္ဂလိပ်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းကိုအချိုသတ်တဲ့အနေနဲ့ ဘုရင်ခံရဲ့အမှုဆောင်ကောင်စီမှာ ဒုတိယဥက္ကဋ္ဌရာထူးပေးထားပါတယ်။ အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ပြီးရင် ဗိုလ်ချုပ်ကအာဏာအရှိဆုံးပါပဲ။

အဲဒီတုန်းက မြန်မာနိုင်ငံရဲ့ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှာဖွဲ့စည်းခဲ့တဲ့အမှုဆောင်ကောင်စီမှာ ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယသဘာပတိဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ဝန်ကြီးအစည်းအဝေးတွေကို ဘုရင်ခံအိမ်တော်မှာကျင်းပလေ့ရှိပေမယ့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗြိတိသျှနန်းရင်းဝန် ကလီမင့်အက်တလီတို့ လွတ်လပ်ရေးအတွက်သဘောတူတဲ့ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုတဲ့ ၁၉၄၇ ခုနှစ် ဇန်နဝါရီလမှစလို့ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းရဲ့ရုံးခန်းမှာသာ ကျင်းပလေ့ရှိပါတယ်။ ဝန်ကြီးများအစည်းအဝေးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းကျင်းပနေကျဖြစ်ပေမယ့် လွှတ်တော်ကော်မတီအစည်းအဝေးနဲ့ တိုက်ဆိုင်နေတဲ့အတွက် ဝန်ကြီးများအစည်းအဝေးကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့သို့ရွှေ့လိုက်ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့အစည်းအဝေးမကျင်းပမီမှာ အင်္ဂလိပ်လက်နက်တိုက်က သေနတ်အလက် ၂၀၀ ကျော်နဲ့ ကျည်ဆန်တွေပျောက်ဆုံးတဲ့သတင်းထွက်ပေါ်နေပါတယ်။ ဒီလိုမျိုးသတင်းတွေထွက်လာတဲ့အခါမျိုးမှာ နိုင်ငံတော်အဆင့်ကျင်းပတဲ့အစည်းအဝေးရဲ့ လုံခြုံမှုကို အင်္ဂလိပ်တို့အနေနဲ့ ပိုပြီးသတိထားစောင့်ရှောက်သင့်ပါတယ်။ စနစ်တကျရှိတဲ့အတွင်းစည်း၊ အပြင်စည်းလုံခြုံရေးတွေလုပ်ထားသင့်ပါလျက်နဲ့ လုပ်ဆောင်ခြင်းမရှိခဲ့ပါဘူး။ ဒါ့ကြောင့်လည်း ဂျွန်ဦးစောရဲ့ လူသတ်သမားတွေက ဗိုလ်ချုပ်အောင်ဆန်းနဲ့ခေါင်းဆောင်ကြီးတွေကို လွယ်လွယ်ကူကူလုပ်ကြံသွားခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားခြင်းဟာ ကနောင်မင်းသားကျဆုံးသွားခဲ့သလိုမျိုးပါပဲ။

နယ်ချဲ့အင်္ဂလိပ်တွေရဲ့ ပယောဂမကင်းပါဘူး။ ဒီနေ့ခေတ်စကားနဲ့ပြောရရင် နောက်ကွယ်ကလက်မည်းကြီးပါပဲ။ ဒီလိုရေးလိုက်လို့ဂျွန်ဦးစောကို ဖေ့လိုက်တာမဟုတ်ပါဘူး။ ဂျွန်ဦးစောကတော့ မြင်ကွန်း မြင်းခုံတိုင်လိုပါပဲ။ လူသတ်သမားပါပဲ။ ဒီလိုအခြေအနေဆိုးတွေဖြစ်လာအောင် ကြိုးကိုင်ဖန်တီးခဲ့တာဟာ နယ်ချဲ့အင်္ဂလိပ်တွေပါပဲ။ ဂျွန်ဦးစောကလည်းအာဏာမက်မောတယ်။ အင်္ဂလိပ်တွေကလည်းလက်ပါးစေလိုအပ်တယ်။ ဒါ့ကြောင့်လည်း နယ်ချဲ့လက်ပါးစေဆိုတဲ့ စကားပေါ်လာတာပါ။

ဗိုလ်ချုပ်အောင်ဆန်းတို့လုပ်ကြံခံရပြီး နာရီပိုင်းအတွင်းမှာ အင်္ဂလိပ်စစ်တပ်ကဂျွန်ဦးစောအိမ်ကို သွားဝိုင်းပြီးဖမ်းဆီးခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ထင်ရှားပါတယ်။ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုတဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းကိုသေစေချင်သလိုသေသွားတဲ့အခါ တရားခံကိုလည်းတစ်ခါတည်းဖမ်းပြလိုက်တာပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းကလည်း အင်္ဂလိပ်တွေမျက်မုန်းကျိုးလောက်အောင် မိမိနိုင်ငံလွတ်လပ်ရေးကိုဦးဆောင်ကြိုးပမ်းခဲ့တာမို့ အင်္ဂလိပ်တွေကလက်ပါးစေမွေးပြီး လုပ်ကြံလိုက်တာပါပဲ။ ဒါကို မျိုးဆက်သစ်လူငယ်တွေမြင်စေချင်၊ သိစေချင်ပါတယ်၊ သတိရှိစေချင်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ခေါင်းဆောင်တွေကျဆုံးခြင်းဟာ မြန်မာတစ်နိုင်ငံလုံးဝမ်းနည်းကြေကွဲနာကြည်းစရာဖြစ်ပါတယ်။ ဗိုလ်ချုပ်တို့ကျဆုံးတဲ့နေ့ရဲ့မြင်ကွင်းကို ဆရာဇော်ဂျီက "မိုးကစိုစို၊ ကျီးအုပ်ပြို၍၊ ထိုမှဤမှ၊ တို့လမ်းမတွင်၊ ပျံကြဲဝဲကြ၊ ငရဲထသို့"ဟူ၍လည်းကောင်း၊ "မြေခသတင်း၊ မိုးကြိုးခွင်းသို့၊ အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်၌၊ မချင့်မရဲ၊ ဝမ်းနည်းခံခက်၊ မျက်စိမျက်နှာ၊ ညှိုးကြရာသည်" ဟူ၍လည်းကောင်း ရေးဖွဲ့ခဲ့ပါတယ်။ မြန်မာတွေရဲ့မျှော်လင့်ချက်ကို အင်္ဂလိပ်အစိုးရနဲ့သူ့ရဲ့လက်ပါးစေဂျွန်ဦးစောတို့က ရိုက်ချိုးဖျက်ဆီးလိုက်တာပါပဲ။

ဒီကနေ့ခေတ်အချိန်အခါမှာလည်း နယ်ချဲ့လက်ပါးစေတွေရှိနေပါသေးတယ်။ အရင်လိုစစ်ရေးအရ ကျူးကျော်ဆင်နွှဲမှုမျိုးမလုပ်တော့ဘဲ ဘက်စုံစစ်ပွဲအသွင်နဲ့ မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်မှုပြုနေပါတယ်။ နိုင်ငံသားတိုင်းသတိထားရမယ့်၊ မမေ့သင့်တဲ့အချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးပေးလိုက်ခြင်းနဲ့အတူ ပြည်တွင်းဆူပူသောင်းကျန်းမှုကိုပါ အင်္ဂလိပ်တွေထည့်ပေးလိုက်တာဖြစ်ပါတယ်။ စေ့စေ့စပ်စပ်တွေးကြည့်ရင် ရင်နာဖို့ကောင်းလွန်းလှပါတယ်။ ရောင်စုံသောင်းကျန်းသူပေါ်လာခဲ့လို့၊ တစ်နည်းပြောရရင် လက်နက်ကိုင်ပုန်ကန်သောင်းကျန်းသူတွေရှိနေလို့ မြန်မာနိုင်ငံကဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေတာဖြစ်ပါတယ်။ ဒါဟာမငြင်းနိုင်တဲ့အမှန်တရားပါပဲ။ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ယုတ်မာကောက်ကျစ်တဲ့အကြောင်းတွေဟာ မြန်မာတွေအတွက်တော့ တကယ့်ကိုရင်နာဖို့ကောင်းပါတယ်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်မှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ ဦးဘဝင်း၊ ဦးရာဇတ်၊ ဦးအုန်းမောင်နဲ့ရဲဘော်ကိုထွေးတို့ကျဆုံးခဲ့ပါတယ်။ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ အာဇာနည်နေ့ရောက်လို့ နိုင်ငံတော်အလံကိုအလေးပြု၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုရုံနဲ့တာဝန်မကျေသေးပါဘူး။ ဗိုလ်ချုပ်ရဲ့ ဖြူစင်တဲ့စေတနာ၊ တည်ကြည်တဲ့သမာဓိ၊ ရိုးသားလှတဲ့ဂုဏ်သိက္ခာ၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကိုချစ်တဲ့စိတ်ဓာတ်၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို ချစ်တတ်တဲ့

**စာမျက်နှာ ၁၄ သို့** ✳



ဗိုလ်ချုပ်အောင်ဆန်း



ဦးဘဝင်း



မန်းဘခိုင်



စဝ်စံထွန်း



ဦးရာဇတ်



ဒီးဒုတ်ဦးဘချို



သခင်မြ



ဦးအုန်းမောင်



ရဲဘော်ကိုထွေး

*** စာမျက်နှာ ၁၃ မှအဆက်**

ပြည်ထောင်စုစိတ်ဓာတ်လိုမျိုးစိတ်ဓာတ်တွေ မွေးမြူကြရပါမယ်။ ဗိုလ်ချုပ်အောင်ဆန်းလို သတ္တိရှိတဲ့လူငယ်တွေ၊ ဗိုလ်ချုပ်အောင်ဆန်းလို ပညာတတ်တဲ့လူငယ်တွေ၊ ဗိုလ်ချုပ်အောင်ဆန်းလို ယောကျ်ားမြတ်စိတ်ထားရှိတဲ့ လူငယ်တွေ အများကြီးပေါ်ပေါက်လာဖို့လိုပါတယ်။ မိမိတို့လူငယ်မောင်မယ်တစ်ဦးချင်းစီက ဗိုလ်ချုပ်အောင်ဆန်းကိုချစ်တဲ့စိတ်နဲ့ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတွေရဲ့ကောင်းကျိုးကို သယ်ပိုးတတ်အောင် လေ့ကျင့်မွေးမြူကြရပါမယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာမိမိရဲ့ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်စေချင်သလို မိမိတပ်မတော်ကိုလည်း အင်အားတောင့်တင်းတဲ့တပ်မတော်တစ်ရပ် အဖြစ်မြင်တွေ့ချင်သူပါ။ အရွယ်ရောက်သူမှန်သမျှ စစ်မှုမထမ်းမနေရတိုက်တွန်းခဲ့တဲ့အတိုင်း ဒီကနေ့မှာတော့ပြည်သူ့စစ်မှုထမ်းဥပဒေအတိုင်း ကျင့်သုံးနေပါပြီ။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ဖို့ ကိုယ်တိုင်ဆန္ဒပြုသူတွေ များပြားနေပါတယ်။ ဒါဟာနိုင်ငံတော်ရဲ့အနာဂတ်အတွက်ကောင်းတဲ့အလားအလာပါပဲ။ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံ့သားကောင်းတွေ ပေါ်ထွန်းလာတာကိုကြိုဆိုပါတယ်။ အာဇာနည်နေ့ဆိုတာ လွမ်းဆွေးသတိရနေရမယ့်နေ့ဖြစ်သလို ဗိုလ်ချုပ်ဖြစ်စေချင်တာတွေဖြစ်အောင် ဆက်လက်ဆောင်ရွက်ကြဖို့ လူငယ်တွေကို မီးမောင်းထိုးပြတဲ့နေ့လည်း ဖြစ်တယ်လို့ဆိုချင်ပါတယ်။ အနှစ်ချုပ်ပြောရမယ်ဆိုရင်တော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အာဇာနည်ခေါင်းဆောင်များဦးဆောင်ရယူပေးထားတဲ့ လွတ်လပ်ရေးကြီးကို အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုအတူအကွလက်တွဲပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း နယ်ချဲ့တွေရဲ့အန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်တိုက်ဖျက်ကြဖို့ **ယနေ့ဖြင့် သတိတရားထားဖို့အခြေ**ဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၁၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၉၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၁၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန် ဇူလိုင် ၁၄

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Seven FCအသင်းနှင့် 7 Brother FC အသင်းတို့ ကစားခဲ့ရာ 7 Brother FC အသင်းက ပယ်နယ်တီအဆုံးအဖြတ် ၅ဂိုး ၂ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Marga FC အသင်းနှင့် Gold Dream FC အသင်းတို့ကစားခဲ့ရာ Marga FC အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် Kyal Sin Linn FC အသင်းနှင့် Sar Bal Gyi FC အသင်းတို့ ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် Sar Bal Gyi FC အသင်းက ၈ ဂိုး ၆ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် Jullniss FC အသင်းနှင့် RPG FC အသင်းတို့ကစားခဲ့ရာ RPG FC အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။ **စည်သူအောင်**



## ♫♫ သင်္ဂ (FM) အသံလွှင့် အစီအစဉ် ♫♫

၁၅-၇-၂၀၂၄(တနင်္လာနေ့)

၁။ ၀၈း၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၁၀း၄၆ Master Chef
၃။ ၁၃း၃၀ Live For You
၄။ ၁၅း၀၀ Fighting Music
၅။ ၁၇း၀၀ သွေးချင်းတို့ဌာနေ
၆။ ၁၉း၃၀ International Song
၇။ ၂၁း၄၀ အသံလွှင့်ဇာတ်လမ်း
၈။ ၂၂း၂၀ Good Night Liteners

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများ၏ ရာသီကြိုခြေစမ်းပွဲခရီးစဉ်နှင့် ခြေစမ်းပွဲစဉ်များ

စည်သူအောင်




ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများ အနေဖြင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယား လိဂ်ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လက်ရှိတွင် ကစားသမားပြန်လည်စုဖွဲ့မှုပြုလုပ်နေပြီး လက်ရှိကျင်းပနေသည့် ယူရို ၂၀၂၄ ပြိုင်ပွဲ အပြီးတွင် ကစားသမားအစုံအလင်ဖြင့် ရာသီကြို ခြေစမ်းပွဲခရီးစဉ်များ အသီးသီးထွက်ခွာကြမည်ဖြစ်သည်။ ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီး များသည် နောက်ပိုင်းနှစ်များတွင် ရာသီသစ်မတိုင်မီ အသင်းပရိသတ်များစုဆောင်းသည့်အနေဖြင့် ပြည်ပသို့ ရာသီကြိုခြေစမ်းပွဲခရီးစဉ် ထွက်ခွာကာ ခြေစမ်းပွဲစဉ်များကစားလျက်ရှိပြီး နောက်ပိုင်းတွင် အသင်း ဝင်ငွေရှာဖွေသည့်အနေဖြင့် အမေရိကန်နှင့် အာရှ ဒေသများသို့သွားရောက်ကာ ဘဏ္ဍာငွေရှာဖွေမှုများ ပြုလုပ်လျက်ရှိရာ လက်ရှိတွင် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် မန်စီးတီး အသင်း၊ အာဆင်နယ်အသင်း၊ လီဗာပူးအသင်း၊ မန်ယူအသင်း၊ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်း တို့သည် ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် ရာသီကြို ခြေစမ်းပွဲခရီးစဉ် အသီးသီးထွက်ခွာမည်ဖြစ်သည်။ ရာသီကြိုခြေစမ်းပွဲခရီးစဉ်များအဖြစ် မန်စီးတီးအသင်း၊ အာဆင်နယ်အသင်း၊ မန်ယူအသင်း၊ ချယ်လ်ဆီး အသင်း၊ လီဗာပူးအသင်းတို့သည် အမေရိကန်နိုင်ငံ သို့သွားရောက်မည်ဖြစ်ပြီး စပါးအသင်းသည် ၎င်းတို့ အသင်း အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဆွန်ယောင်မင်၏ဇာတိဖြစ်သော တောင်ကိုရီးယား နိုင်ငံကိုအခြေချပြီး အာရှဒေသတွင်းနိုင်ငံများတွင် ခြေစမ်းပွဲစဉ်များ အသီးသီးကစားသွားမည်ဖြစ် သည်။ ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီး များသည် နောက်ပိုင်းနှစ်များတွင် အသင်းစီးပွားရေး အတွက် ဝင်ငွေပိုမိုရရှိသည့် အမေရိကန်နိုင်ငံသို့သာ သွားရောက်ပြီး ခြေစမ်းပွဲစဉ်များ ကစားခဲ့ကြကာ ယခုနှစ်တွင်လည်း အသင်းအများစုမှာ အမေရိကန် နိုင်ငံသို့သာ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

## မန်စီးတီးအသင်း

ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် မန်စီးတီးအသင်းသည် ရာသီကြိုခြေစမ်းပွဲခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကာ အမေရိကန်နိုင်ငံ၌ အခြေချပြီး ခြေစမ်းပွဲများ ကစားသွားမည်ဖြစ်ကာ ပထမဆုံး ခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင်လ ၂၃ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီတွင် စကော့တလန် ပရီးမီးယားရှစ် ချန်ပီယံအသင်းဖြစ်သည့် ဆဲလ်တစ် အသင်းနှင့် စတင်ကစားမည်ဖြစ်သည်။

ဆက်လက်ပြီး မန်စီးတီးအသင်းသည် ဒုတိယ မြောက် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၄ နာရီတွင် အီတလီ စီးရီးအေထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် အေစီ မီလန်အသင်းနှင့်လည်းကောင်း၊ တတိယမြောက် ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၃၀ ရက် မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲတွင် စပိန်လာလီဂါထိပ်တန်းကလပ် အသင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့်လည်းကောင်း၊ စတုတ္ထမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဩဂုတ်လ ၃ ရက် မြန်မာစံတော်ချိန် နံနက် ၄ နာရီတွင် ဒေသတွင်း ထိပ်တန်းပြိုင်ဘက်အသင်းဖြစ်သည့် ချယ်လ်ဆီး အသင်းနှင့်လည်းကောင်းကစားမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်များ အပြီးတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဩဂုတ်လ ၁၈ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီ တွင် ချယ်လ်ဆီးအသင်းနှင့် အဝေးကွင်းသွားရောက် ကစားရမည်ဖြစ်သည်။

## အာဆင်နယ်အသင်း

ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းနှင့် နောက်ဆုံးပွဲစဉ်အထိ ချန်ပီယံဆုအတွက် အားပြိုင်ခဲ့ သည့် အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်နှစ်ကလည်း ရာသီကြိုခြေစမ်းပွဲခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံ သို့သွားရောက်ခဲ့ပြီး ယခုနှစ်တွင်လည်း အမေရိကန် နိုင်ငံသို့သွားရောက်ကာ ရာသီသစ်အတွက် ကြိုတင် ပြင်ဆင်မှုများပြုလုပ်ရန် ခြေစမ်းပွဲစဉ်များကစားမည် ဖြစ်သည်။

အာဆင်နယ်အသင်းသည် ရာသီကြိုခြေစမ်းပွဲ ကာလတွင် ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၂၄ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် ဒေသ တွင်း ပြိုင်ဘက်အသင်းဖြစ်သည့် ဘုန်းမောက်အသင်း နှင့်လည်းကောင်း၊ ဒုတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၂၇ ရက် နံနက် ၆ နာရီခွဲတွင် ပရီးမီးယားလိဂ် ပြိုင်ဘက်အသင်းဖြစ်သည့် မန်ယူအသင်းနှင့်လည်း ကောင်း၊ တတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၃၁ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီတွင် ဒေသ တွင်းပြိုင်ဘက် လီဗာပူးအသင်းနှင့်လည်းကောင်း၊ စတုတ္ထမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဩဂုတ်လ ၇ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲတွင် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူး နိုင်ခဲ့သည့် လေဗာကူဆင်အသင်းနှင့်လည်းကောင်း၊ ပဉ္စမမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဩဂုတ်လ ၁၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လိုင်ယွန်အသင်း နှင့်လည်းကောင်း အသီးသီးကစားမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ် များအပြီးတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁)အဖြစ် ဩဂုတ်လ ၁၇ ရက် မြန်မာစံတော်ချိန် ည ၈ နာရီခွဲ တွင် ဝုဗ်ဗာဟမ်တန်အသင်းကို အိမ်ကွင်း၌ လက်ခံ ကစားရမည်ဖြစ်သည်။

## လီဗာပူးအသင်း

လီဗာပူးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ် အဖြစ် အမေရိကန်နိုင်ငံသို့သွားရောက်ကာ ရာသီသစ် အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည် ဖြစ်ပြီး ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကာလအတွင်း ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီတွင် စပိန်ကလပ် ဘတ်တစ်အသင်းနှင့်လည်းကောင်း၊ ဒုတိယမြောက် ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၃၁ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီတွင် ဒေသတွင်းပြိုင်ဘက် အာဆင်နယ် အသင်းနှင့်လည်းကောင်း၊ တတိယမြောက်ခြေစမ်းပွဲစဉ် အဖြစ် ဩဂုတ်လ ၃ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီတွင် အခါးသီးဆုံးပြိုင်ဘက်အသင်းဖြစ်သည့် မန်ယူအသင်းနှင့်လည်းကောင်း၊ နောက်ဆုံးခြေစမ်းပွဲ အဖြစ် ဩဂုတ်လ ၁၁ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီတွင် ဆီဗီလာအသင်းနှင့်လည်းကောင်း အသီးသီးကစားမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်များ အပြီးတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဩဂုတ်လ ၁၇ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ တွင် တန်းတက်အစ်ဝှစ်ချ်အသင်းနှင့် အဝေးကွင်း၌ သွားရောက်ကစားရမည်ဖြစ်သည်။

## မန်ယူအသင်း

လက်ရှိဘောလုံးလောကတွင် ပရိသတ်အခိုင်အမာ ရရှိထားသည့် မန်ယူအသင်းသည်လည်း နောက်ပိုင်း နှစ်များတွင် အသင်းပရိသတ်အများစုရှိသည့် အမေရိကန်နိုင်ငံသို့ ရာသီကြိုခြေစမ်းပွဲခရီးစဉ် သွားရောက်လေ့ရှိပြီး ယခုနှစ်တွင်လည်း အမေရိကန်နိုင်ငံသို့ သွားရောက်ကာ ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှု များပြုလုပ်မည်ဖြစ်သည်။

မန်ယူအသင်းသည် ရာသီကြိုခြေစမ်းပွဲခရီးစဉ် ကာလအတွင်း ခြေစမ်းပွဲစဉ် ငါးပွဲကစားမည်ဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၁၅ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီတွင် နော်ဝေကလပ် အသင်းဖြစ်သည့် ရိုဆင်ဘော့အသင်းနှင့်လည်း ကောင်း၊ ဒုတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၂၀ ရက် မြန်မာစံတော်ချိန် ည ၉ နာရီတွင် စကော့ တလန်ကလပ် ရိန်းဂျားအသင်းနှင့်လည်းကောင်း၊ တတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲတွင် ပရီးမီးယားလိဂ် ပြိုင်ဘက်အသင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့် လည်းကောင်း၊ စတုတ္ထမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၃၁ ရက် မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲ တွင် စပိန်ကလပ် ဘတ်တစ်အသင်းနှင့်လည်းကောင်း၊ ပဉ္စမမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဩဂုတ်လ ၃ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီတွင် အခါးသီးဆုံး ပြိုင်ဘက်အသင်းဖြစ်သည့် လီဗာပူးအသင်းနှင့်လည်း ကောင်း ခြေစမ်းပွဲစဉ်များ အသီးသီးကစားမည်ဖြစ်သည်။

မန်ယူအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်များ အပြီးတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဩဂုတ်လ ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲ တွင် ဖူလ်ဟမ်အသင်းနှင့် အိမ်ကွင်း၌ လက်ခံကစား ရမည်ဖြစ်သည်။

## ချယ်လ်ဆီးအသင်း

လာမယ့်ဘောလုံးရာသီသစ်အတွက် နည်းပြ အပြောင်းအလဲလုပ်ဆောင်ထားသည့် ချယ်လ်ဆီး အသင်းကလည်း ရာသီသစ်အတွက် ရာသီကြို ခြေစမ်းပွဲခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ခြောက်ပွဲကစားမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပထမဆုံးခြေစမ်းပွဲစဉ် အဖြစ် ဇူလိုင်လ ၂၄ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် အင်္ဂလန်လိဂ်-၁ ကလပ် ဝရက်ဇ်ဟမ်း အသင်းနှင့်လည်းကောင်း၊ ဒုတိယမြောက်ခြေစမ်းပွဲစဉ် အဖြစ် ဇူလိုင်လ ၂၇ ရက် နံနက် ၂ နာရီခွဲ တွင် စကော့တလန်ကလပ် ဆဲလ်တစ်အသင်းနှင့် လည်းကောင်း၊ တတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင်လ ၃၁ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီ တွင် အမေရိကန်ကလပ် ကလပ်အမေရိကအသင်းနှင့် လည်းကောင်း၊ စတုတ္ထမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဩဂုတ်လ ၃ ရက် မြန်မာစံတော်ချိန် နံနက် ၄ နာရီ တွင် ပရီးမီးယားလိဂ်ပြိုင်ဘက်မန်စီးတီးအသင်းနှင့် လည်းကောင်း၊ ပဉ္စမမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဩဂုတ်လ ၆ ရက် မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲ တွင် စပိန်ထိပ်သီး ရီးယဲလ်မက်ဒရစ်အသင်းနှင့် လည်းကောင်း၊ ဆဋ္ဌမမြောက်ခြေစမ်းပွဲစဉ်အဖြစ် ဩဂုတ်လ ၁၁ ရက် မြန်မာစံတော်ချိန် ည ၈ နာရီခွဲ တွင် စီးရီးအေထိပ်သီးအင်တာမီလန်အသင်းနှင့် လည်းကောင်း အသီးသီးကစားမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ် များအပြီးတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဩဂုတ်လ ၁၈ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီ တွင် မန်စီးတီးအသင်းကို အိမ်ကွင်း၌ လက်ခံကစား ရမည်ဖြစ်သည်။

## စပါးအသင်း

စပါးအသင်းသည် အာရှဒေသတွင်းကစားသမား တစ်ဦးဖြစ်သည့် တောင်ကိုရီးယားလက်ရွေးစင်ကစား သမား ဆွန်ယောင်မင်ကြောင့် အာရှပရိသတ်အများစု ကို ပိုင်ဆိုင်ထားသည့်အတွက် နောက်ပိုင်းနှစ်များတွင် နှစ်စဉ် ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကို ဆွန်ယောင်မင် ၏ဇာတိဖြစ်သည့် တောင်ကိုရီးယားနိုင်ငံကိုဦးတည် ပြီး အာရှဒေသတွင်းနိုင်ငံများသို့ ထွက်ခွာလေ့ရှိ သကဲ့သို့ လာမည့်ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကိုလည်း အာရှဒေသတွင်းသို့ ထွက်ခွာမည်ဖြစ်သည်။

စပါးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်များ အဖြစ် ဇူလိုင်လ ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၁၂ နာရီခွဲတွင် စကော့တလန်ကလပ် ဟတ်အသင်း နှင့်လည်းကောင်း၊ ဇူလိုင်လ ၂၀ ရက် မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် အင်္ဂလန်ချန်ပီယံရှစ်ကလပ် ကျူပီအာအသင်းနှင့်လည်းကောင်း၊ ဇူလိုင်လ ၂၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဂျပန်ကလပ် ဗစ်ဆဲလ်ကိုဘေအသင်းနှင့်လည်းကောင်း၊ ဇူလိုင်လ ၃၁ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တွင် ကေလိဂ်အောစတားအသင်းနှင့်လည်းကောင်း၊ ဩဂုတ်လ ၃ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ နှင့် ဩဂုတ်လ ၁၀ ရက် ည ၁၁ နာရီတို့တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်လည်းကောင်း အသီးသီး ကစားမည်ဖြစ်သည်။

စပါးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်များ အပြီးတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဩဂုတ်လ ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲ တွင် တန်းတက် လက်စတာအသင်းနှင့် အဝေးကွင်း သွားရောက်ကစားရမည်ဖြစ်သည်။

ပရီးမီးယားလိဂ်အသင်းကြီးများ၏ ရာသီကြိုခြေစမ်း ပွဲစဉ်များ၏ပွဲစဉ်၊ ပွဲချိန်များသည်အခြေအနေအရပ်ရပ် ကြောင့် အပြောင်းအလဲဖြစ်နိုင်ကြောင်း သိရသည်။

# ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်တက်ရောက်ပြီး သွင်းအားစုများပေးအပ်



**ပုသိမ် ဇူလိုင် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် မွေတော်ရှမ်းစုကျေးရွာသို့ ရောက်ရှိပြီး တောင်သူဦးတင်ဖေ၏ လယ်မြေဧက ၁၀၀ စံပြကွက်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုနှင့် ကောက်စိုက်သမဖြင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ တောင်သူဦးတင်ထွေး၏လယ်မြေ၌ တတိယသီးနှံ စပါးရိတ်သိမ်းနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာ တောင်သူဦးကျော်ရွှေ၏ လယ်မြေ၌ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သောမိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံကာ စပါးအရည်အသွေးကောင်းမွန်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်၍ နည်းစနစ်တကျစိုက်ပျိုးသွားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာနှင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ အူကျွန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများမှ တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စု၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ပြီး တောင်သူများအနေဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုများကို လျှော့ချ၍ ကုန်ကျစရိတ်များစွာသက်သာစေမည့် သဘာဝမြေဩဇာများသုံးစွဲရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကြခင်းစနစ်များပပျောက်ရေး၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် မိုးစပါးစိုက်ပျိုးရာသီပြီးစီးပါက ဆီထွက်သီးနှံစိုက်ပျိုးရေးဇုန်နှစ်ခု အကောင်အထည်ဖော်စိုက်ပျိုးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကြခင်းစနစ်များပပျောက်ရေး၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအားတိုးတက်စေရေးနှင့် မိုးစပါးစိုက်ပျိုးရာသီပြီးစီးပါက ဆီထွက်သီးနှံစိုက်ပျိုးရေးဇုန်နှစ်ခု အကောင်အထည်ဖော်စိုက်ပျိုးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်သည့် တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ပြီး တောင်သူဦးညွန့်သိန်း၏ လယ်မြေရှစ်ဧက၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းထွန်ယက်နေမှု၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုနှင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ကျင်းပသည့် မြန်မာ-အိန္ဒိယခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသံရုံးမှ ဒုတိယအတွင်းဝန် Mr. Ashok Kumar၊ အိန္ဒိယ-မြန်မာစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့်အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရနှင့်ပုဂ္ဂလိက ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အာဆီယံ+အိန္ဒိယ၊ BIMSTEC၊ SASECနှင့် မဲခေါင်-ဂင်္ဂါ ခရီးသွားလုပ်ငန်း စသည့် မူဘောင်များအတွင်း နီးကပ်စွာလက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ အဆင်ပြေစွာလာရောက်လည်ပတ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသားခရီးသွား ဧည့်သည်များကို ဆိုက်ရောက်ဗီဇာဖြင့် လာရောက်လည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေးဆိုင်ရာများ၊ ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများ ပြေးဆွဲနေမှုအခြေအနေများ မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ (မြဝတီ)

# နိုင်ငံရေးပါတီ (၂၃) ပါတီ၏ပူးတွဲသဘောထားထုတ်ပြန်ချက်နှင့် ပတ်သက်၍သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများအတွင်း မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ (MNDAA/ TNLA/ AA) နှင့် ယင်းအဖွဲ့အစည်းများကိုကူညီဆက်စပ်၊ ပါဝင်ပတ်သက်နေသောအကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှလက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းအပေါ် နိုင်ငံရေးပါတီ (၂၃) ပါတီက ဇူလိုင်လ ၁၁ ရက်တွင် ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်ကိုထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီနှင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီတို့မှ တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်ရုံး၌ ကျင်းပသည်။




သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှသိန်းက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မီဒီယာများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းကြရာပါတီများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

(မြဝတီ)

# ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ






**ရန်ကုန် ဇူလိုင် ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency-CIDCA) ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ ဇူလိုင်လ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ်အဆင့်မြင့်ညီလာခံ (Second High-Level Conference of the Forum on Global Action for Shared Development)ကို တက်ရောက်ခဲ့သည်။

အဆိုပါ ညီလာခံသို့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဗဟိုနိုင်ငံခြားရေးရာ ကော်မရှင်ရုံးအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi၊ တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Luo Zhao-hui၊ ဖိတ်ကြားထားသောအာရှနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များပါဝင်တက်ရောက်ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်နှစ်ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဇူလိုင်လ ၁၁ ရက် ညနေပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA)မှ တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုခြင်းအထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဖိုရမ်ပထမနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဆိုပါဖွင့်ပွဲအခမ်းအနား အပိုင်း-၁ ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ (Joint Actions to Promote the Sustainable Development) ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သည့် အပြန်အလှန်ဆွေးနွေးခြင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးအနေဖြင့် အီဂျစ်နိုင်ငံ၊ အီသီယိုပီးယားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ပါပူအာနယူးဂီနီနိုင်ငံတို့မှဝန်ကြီးများ၊ အာရှအခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) မှ ဒုတိယဥက္ကဋ္ဌ၊ အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်မှ ဆင်းရဲမှုပပျောက်ရေးပညာရှင် (ပါမောက္ခ/ ညွှန်ကြားရေးမှူး)တို့နှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။

ဇူလိုင်လ ၁၂ ရက် ညနေပိုင်းတွင် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးအပါအဝင် နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ် ၁၄ ဦးတို့သည် ပြည်သူ့ခန်းမကြီး (Great Hall of the People) သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီအကြိမ် (၂၀) မြောက် ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏အမြဲတမ်းပါတီအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် H.E. Mr. Ding Xuexiang အား တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်မည့် ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုမျှဝေရေးဆိုင်ရာလုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇူလိုင်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ (Second High-Level Conference of the Forum on Global Action for Shared Development) အား ဖိုရမ်ခွဲ ငါးခုဖြင့် တက်ရောက်လာသည့် နိုင်ငံများနှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင်လ ၁၃ ရက် နံနက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ(Second High-Level Conference of the Forum on Global Action for Shared Development) ၏ ပိတ်ပွဲ အခမ်းအနားသို့လည်း ပါဝင်တက်ရောက်ခဲ့သည်။



ဇူလိုင်လ ၁၃ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency - CIDCA) ဥက္ကဋ္ဌ H.E. Mr.Luo Zhahui က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် CIDCA ဒုတိယဥက္ကဋ္ဌ Mr. Yang Weiqun ဦးဆောင်သောအဖွဲ့သည် နှစ်နိုင်ငံဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. OUYANG Daobing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

AGRICULTURE

# Kawlin District sees completion of growing more than 6,000 acres of monsoon paddy this monsoon



Statistics of Kawlin District Agriculture Department indicated that a total of 6,729 acres of farmlands have been placed under monsoon paddy in Kawlin District of Sagaing Region this monsoon.

In 2024-2025 monsoon, the district earmarked cultivation of 199,850 acres of monsoon paddy. So, local farmers started cultivation of monsoon paddy in May and so far they have planted monsoon paddy on 6,624 acres in Kawlin Township, 75 acres in Wuntho Township and 30 acres in Pinlebu Township, totalling 6,729 acres.

U Win Thein, Head of Kawlin District Agriculture Department stated: "Local farmers planted more than 6,000 acres of monsoon paddy against the target of more than 190,000 acres. They are trying their best to meet the target. Agricultural staff members are helping them use quality strains of paddy and use agricultural techniques with prevention of pests."

In 2024-2025 FY, Kawlin Township earmarked cultivation of 99,637 acres of monsoon, Wuntho Township 38,989 acres and Pinlebu Township 61,224 acres.

Agricultural staff of the relevant agriculture departments help local farmers choose quality strains of paddy seeds, wed plantations and systematic use fertilizers for boosting production of paddy. **SMK**

WILD LIFE

# About 17 Irrawaddy dolphins move to Indaung Village



About 17 Irrawaddy dolphins have moved their habitat near Indaung Village of Ayeyawady River, said U Maung Maung Lay, Leader of the dolphin protection team of Mandalay Region Fisheries Department.

Officials from the team check the dolphins three times a month between Mandalay and Kyaukmyaung area of the dolphin protection segment. These dolphins inhabit near Indaung Village on 27 June.

"We check the dolphins in the protection area by boat on the morning of 27 June. We saw 17 dolphins near Indaung Village of Wetlet Township in Ayeyawady River," he explained.

Local people need to inform the protection team about finding calves of Irrawaddy dolphins in the protected area.

According to the records, a total of 28 dolphins were seen between Mandalay and Kyaukmyaung section, 37 between Malei of Kanbalu Township and Shwegu Township of Kachin State and 14 more dolphins near Bhamo, totalling 79. **SMK**

INVESTMENT

# Yangon Region authorities allow three Myanmar citizen investments, four foreign investments

Three Myanmar citizen investments and four foreign investments were allowed in Yangon Region to generate more than 3,000 jobs for local people in June 2024, said U Nyi Nyi Min, Secretary of Yangon Region government.

Total investment of Myanmar citizens and foreign investments amounted to Ks-4,023 million and US$-4.845 million for the businesses which will create 3,060 jobs for residents in industrial, service and manufacturing industries.

"The Yangon Region Investment Committee held its meeting on 26 June when it approved the investments," he explained.

These businesses will cover production of services, CMP system garment industries, CMP toys industries with padding and quilting production as well as wearing apparel. The products will be sold at home for 80 percent and 20 percent for abroad.

During the period, businesspersons submitted proposals to increase their investment amounts and labour numbers. The committee allows them under the law.

**SK**

AGRICULTURE

# Yamethin Township completes cultivation of more than 12,000 acres of monsoon chilli

Yamethin Township has cultivated 13,284 acres of monsoon chilli this monsoon, said U Aung Myo Thant, Head of Township Agriculture Department.

The township earmarked 37,500 acres of chilli this monsoon but local farmers planted 13,284 acres against the target. They are making efforts to grow remaining acres of cropland with chilli.

We decided to grow 37,500 acres of chilli this monsoon. At present, we have planted 13,284 acres of chilli. This monsoon, local farmers will grow chilli alone. As they grow chilli, they will have increased incomes from chicken crops. Our department provides agricultural techniques and quality seeds to local farmers.

The township strives for meeting the target of 37,500 acres of chilli cultivation in order to increase family incomes for farmers.

**SK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

AGRICULTURE

## Myinmu farmers cultivate 1,324 acres of rain-fed cotton

A total of 1,324 acres of cotton have been planted in Myinmu Township in this year rain crops planting season, according to the Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 23,157 acres of cotton have been planted in Myinmu Township, and 1,324 acres have been planted since May this year.

"We are providing cotton seeds so that farmers can easily plant good varieties before the planting season," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The cost of cotton cultivation is Ks- 350,000 per acre, and the yield per acre of cotton is around 1,000 peitthas. In cotton cultivation, other crops such as onion can be pre-planted and pigeon peas can be planted altogether with cotton, which will increase the income. The cotton has been successfully cultivated in 19 townships in Sagaing, Monywa, Yinmabin, Shwebo and Kantbalu districts in Sagaing Region. **SMK**

AGRICULTURE

## Sagaing Township farmers plant 3,328 acres of rain-fed vegetables

A total of 3,328 acres of vegetables have been planted in Sagaing Township, Sagaing District, Saging Region in this year rain crops planting season, according to statistics from Department of Agriculture for Sagaing Township.

During the 2024-2025 rain crops planting season, 24,330 acres of vegetables have been earmarked to plant in Sagaing Township, and 3,328 acres have been planted since May this year.

"The locals planted mustards, chilli, tomato, eggplants, cabbages, cauliflowers and okras, etc. We are providing technology to farmers so that they can grow all the vegetables they grow using the GAP system. We are giving farmers the technology to grow all the vegetables they grow in a way and minimize chemical residue that is compatible with their health," said U Zaw Oo, head of the Department of Agriculture for Sagaing Township.

During the 2023-2024 rain crops planting season, 24,330 acres of vegetables were planned to be planted in Sagaing Township and from May to September 2023, 28,615 acres of vegetables were planted. **SMK**

AGRICULTURE

## Farmers reap some 4,000 acres of summer paddy in Kalay District

A total of 3,912 acres of summer paddy has been harvested in Kalay District of Sagaing Region, according to the statistics of Kalay District Agriculture Department.

In 2023-2024 summer, local farmers harvested 342 acres of summer paddy in Kalay Township and 3,570 acres in Mingin Township, totalling 3,912 acres, with the yield of 84.95 baskets per acre.

U Aung, Head of Kalay District Agriculture Department, said: "The district harvested 3,912 acres of summer paddy this summer. Our department helped local farmers use agricultural techniques, prevent pests, minimize loss of crops and keep paddy under shelter in time."

Farmers of the district planted 3,912 acres of summer in the district against the target of 3,925 acres.

Agricultural staff provided assistance for local farmers to use quality strains of crops, make natural fertilizers and grow monsoon crops in time.

As chemical fertilizer fetches high pieces, agricultural staff give training to local farmers to make natural fertilizers. **SK**

COMMERCE

## Animal product exports exceed US$-1 million as of 21 June

According to the Ministry of Commerce, US$-1.57 million was earned from the export of animal products between 1 April and 21 June of the 2024-2025 financial year.

Myanmar exports a range of products including forest products, agricultural products, animal products, aquatic products, mining products, industrial finished products, and other goods.

From 1 April to 21 June of the current financial year, the total revenue from exports amounted to US$-3,211.407 million. **SK**

CHINA

# Chinese economy gathers steam amid targeted policy mix

Multiple indicators have pointed to improved performance of the Chinese economy in the first half (H1), signaling sustained recovery momentum as the country navigates hurdles and headwinds with a targeted policy mix.


Speaking at a symposium on the economic situation this week, Premier Li Qiang said that the Chinese economy has sustained sound upward momentum and nurtured new growth drivers despite the complex external environment since the start of this year. He stressed that such achievements were "hard-won."

Although there are still many difficulties and challenges, policy measures from the government have continued to take effect, and positive market factors are building up, the premier said.

China's foreign trade reached a new high in the first six months, with its goods trade volume expanding 6.1 percent year on year to 21.17 trillion yuan (about 2.97 trillion U.S. dollars), customs data showed Friday.

In particular, export growth continued to rebound, rising 6.9 percent year on year during the period, a figure that foreign news outlets reported as having "beaten forecasts."

Consumer spending has perked up amid the boom of services consumption, as Chinese consumers are more willing to spend on dining, live concerts and trips.



An aerial drone photo taken on Feb. 2, 2024 shows a container vessel berthing at the smart zero-carbon terminal of Tianjin Port in north China's Tianjin.

According to data from the China Association of Performing Arts, the country's box office revenue of commercial performance saw a surge of about 13 percent from a year ago in H1, reflecting the growing popularity of culture and art activities among consumers.

The number is largely in line with official consumption data unveiled earlier. In the January-May period, China's retail sales of consumer goods, a major indicator of the country's consumption strength, climbed 4.1 percent year on year, according to the National Bureau of Statistics (NBS).

Investment is another closely watched economic indicator. In the April-June period, the project investment activity index, compiled based on project bidding data by the State Information Center, surged 32.1 percent quarter on quarter, suggesting the robustness in investment activities despite drag from the real estate sector.

Growth of the index indicates that implementation of related projects will be accelerated in the following months, as winning the bid is the first step of delivering projects, said Yang Daoling, division head of the big data development department of the State Information Center.

**Xinhua**

UNITED STATES

# Gunfire erupts at Trump's speech in Pennsylvania, former president injured




Gunfire erupts at Trump's speech in Pennsylvania, former president injured.

The former president was reportedly injured but is expected to survive, said two senior law enforcement officials. The 78-year-old appeared to have sustained a bloody ear.

Gunfire reportedly erupted at former US President Donald Trump's speech in Pennsylvania on Saturday.

The former president was speaking at his rally in the city of Butler when it was cut short by the sound of gunshots. Trump then put his hand to his ear, sat down behind the podium and was surrounded by bodyguards, a broadcast showed.

A couple of minutes later, the guards were leading the former president off the stage, with his right ear bloodied.

The former president was in the middle of discussing the issue of immigration in the US, and was displaying a chart of border crossing numbers when the incident occurred.

US Secret Service spokesperson Anthony Guglielmi said on Saturday that Trump is safe after an apparent shooting during a campaign rally in the state of Pennsylvania.

"An incident occurred the evening of July 13 at a Trump rally in Pennsylvania. The Secret Service has implemented protective measures and the former president is safe. This is now an active Secret Service investigation and further information will be released when available," Guglielmi said on social media.

**Sputnik**

CHINA

# China-Russia joint naval exercise kicks off

Chinese and Russian navies on Sunday kicked off a joint exercise coded "Exercise Joint Sea-2024" at a military port in Zhanjiang in south China's Guangdong Province.

At the opening ceremony, the director general of the exercise from the Chinese navy said that the mechanism for joint naval exercises and training between the two navies, as well as their capability to conduct joint maritime military operations, has continued to improve.

According to the director general from the Russian side, holding such joint maritime military exercises can enhance the collaboration and professional levels of the two navies and contribute to maintaining maritime and regional security.

Following the ceremony, the naval forces carried out on-map military simulation and tactical coordination exercises. **Xinhua**

PALESTINE

# Death toll from Israeli strike on Gaza's Khan Younis rises to 90 - Gaza Health Ministry

The death toll from the Israeli strike on the Gaza Strip's southern governorate of Khan Younis has risen to 90 people, with 300 injured, the enclave's health ministry said on Saturday.

"The death toll in the occupation's [Israel's] horrific massacre, committed on Saturday morning against citizens and displaced persons in Al Mawasi neighbor-hood in Khan Younis Governorate has reached 90, half of them women and children, 300 injured, among them dozens of children and women," the ministry said in a statement.

Earlier in the day, the ministry said over 70 people were killed and 289 injured by the strike in Al Mawasi area. A representative of the Israel Defence Forces told Sputnik that it had stricken an area in the southern Gaza Strip, targeting chief of Hamas's military wing Mohammed Deif and the commander of one of Hamas' units, Rafia Salam.

**Sputnik**

VIETNAM

# At least 11 confirmed dead due to landslide in Vietnam's mountainous north

At least 11 people on board a minibus died after being buried by a landslide in Vietnam's northern province of Ha Giang early Saturday morning while four others were critically injured, according to the latest update by Vietnam News Agency.

When the vehicle was trapped by a landslide on a road in Bac Me district, all the people on board got out for help. The minibus was reportedly carrying around 16 people.

Thousands of cubic meters of soil from above poured onto the road, burying all the people.

According to the national center for hydrometeorological forecasting, rainfall in the area where the accident happened was recorded at 280-290 mm from 7 p.m. on Friday until 7 a.m. on Saturday.

Natural disasters in Vietnam left 68 people dead or missing and injured 56 others in the first six months of this year, said the General Statistics Office.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Huge black hole 8,200 times the size of the Sun is discovered in a neighbouring star cluster - and scientists say it's the 'missing link' in the formation of these mysterious voids

- **Researchers have discovered a massive black hole just 18,000 light years away**
- **This 'intermediate' object could be the missing link in black holes' evolution**



Black holes form when huge stars collapse into dense objects which pull in everything around them. As they 'feed' on surrounding matter, some grow into supermassive black holes like the one at the centre of the Milky Way.

As much as we learn about the mysteries of black holes, many questions remain about these enigmatic objects.

Now, scientists have discovered a vast black hole more than 8,200 times the mass of ours sun in a nearby star cluster which could unravel these voids' secrets.

Located at the heart of the Omega Centauri cluster 18,000 light years away, this super-dense object is the closest example of a massive black hole ever discovered.

Although it may seem vast, researchers from the Max Planck Institute for Astronomy and the University of Utah, say this is just a middle-sized black hole.

Researchers say this first-of-its-kind discovery could provide the 'missing link' in the mysterious evolution of black holes.

Black holes are formed when extremely large stars collapse in on themselves as they expend the last of their fuel.

As the stars fall inwards, their remaining mass becomes compressed into an object so dense that not even light can escape its gravitational pull.

These objects range in size from 'stellar black holes' only a few times the mass of our sun to truly vast monsters called 'supermassive black holes' with millions or billions of stellar masses.

Co-author Matthew Whittaker, a undergraduate student at the university of Utah, says: 'There are black holes a little heavier than our sun that are like ants or spiders—they're hard to spot, but kind of everywhere throughout the universe.

'Then you've got supermassive black holes that are like Godzilla in the centers of galaxies tearing things up, and we can see them easily.'

However, so-called 'intermediate black holes' are extremely difficult to observe since galaxies tend to only have massive black holes at their centre.

Mr Whittaker says: 'These intermediate-mass black holes are kind of on the level of Bigfoot. Spotting them is like finding the first evidence for Bigfoot—people are going to freak out.'

Luckily, the Omega Centauri cluster's unique history gave researchers a perfect opportunity to find one of these rare objects.

Scientists believe that Omega Centauri was once a galaxy of its own that was swallowed up by the Milky Way billions of years ago.

Stripped of its outer stars, the dense core of stars that we can see through our telescopes is all that remains of what once made up the galactic nucleus.

That made it extremely likely that there was a young black hole trapped at the heart of Omega Centauri, frozen in time like a bug in amber.

Unable to feed on surrounding stars, scientists predicted that the intermediate black hole should still be just as it was when the Milky Way first swallowed it.

To test this theory, researchers examined 500 images taken by the Hubble Space Telescope.

Although most of these pictures were simply taken to calibrate Hubble's instruments, they still allowed researchers to track the speed of 1.4 million stars.

Out of that 1.4 million, scientists found seven stars right near the centre which were moving at unexpectedly high speeds.

Dr Maximilian Häberle, of the Max Planck Institute of Astronomy, says: 'Looking for high-speed stars and documenting their motion was the proverbial search for a needle in a haystack.'

Just one fast-moving star wouldn't have proven anything as the star's rapid transit could have been caused by any number of different factors.

However, the presence of seven stars moving quickly in the same region is strong evidence that they are being dragged by the gravity of an extremely dense object.

By pinpointing the speed of those seven high-speed stars, Dr Häberle and his co-authors were able to work out the likely mass and location of that hidden object.

As they had predicted, at at least 8,200 solar masses, this object was likely to be an example of the long-sought-after intermediate black hole.


Co-author Dr Nadine Neumayer, also from the Max Planck Institute of Astronomy, says: 'Previous studies had prompted critical questions of "So where are the high-speed stars?"

'We now have an answer to that and the confirmation that Omega Centauri contains an intermediate-mass black hole.'

The researchers now plan to study the centre of Omega Centauri in greater detail and have already secured permission to use NASA's James Webb Space Telescope.

However, due to the lower mass of this black hole, it may take hundreds of years for the high-speed stars to complete a single orbit.

That means that making a complete study of this black hole could remain a task for future generations.



Using observations from the Hubble Space Telescope such as this one, researchers identified seven high-speed stars which are being pulled by a black hole at least 8,200 times the mass of our sun.

**Mail Online**

နေပြည်တော် ဇူလိုင် ၁၄

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များ ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ပေါ်ရှိ လမ်းအသုံးပြုခကောက်ခံလျက်ရှိသည့် တိုးဂိတ်များကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စီလမ်းဆုံတိုးဂိတ်၌ Computer စနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံနေမှု၊ CCTV တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ရေ မီး ရရှိမှုနှင့် တိုးဂိတ်ပတ်ဝန်းကျင်သန့်ရှင်း၊ သပ်ရပ်၊ လှပမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တိုးဂိတ်တာဝန်ရှိသူများက နေ့စဉ် လမ်းအသုံးပြုခကောက်ခံဆောင်ရွက်နေမှုနှင့် လမ်းအသုံးပြုခကောက်ခံရရှိမှုများကို စာရင်းဇယားများနှင့်တကွ ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)တစ်လျှောက်ရှိ တိုးဂိတ်များဖြစ်ကြသည့် တောင်ငူတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ ဒရယ်မီးတိုးဂိတ်၊ ဘောနက်ကြီးတိုးဂိတ်၊ အမှတ်(၃)လမ်းဆုံ တိုးဂိတ်များကို ကြည့်ရှုစစ်ဆေးရာ တိုးဂိတ်တာဝန်ရှိသူများက နေ့စဉ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)



▶▶ ကျောဖုံးမှအဆက်

လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၄-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့် လူနာ ၆၆ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၄-၇-၂၀၂၄)ရက်နေ့ ည ၆ နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း ၅၂၁ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော Water Purification Table/Packet များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ရယူနိုင်ပါသည်။ တင်ဒါတင်သွင်းလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.9. Water Purification Table/Packet (2024-2025) |
| တင်ဒါတင်သွင်းလွှာပုံစံရောင်းချမည့်ရက် | - ၁၅-၇-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၂၉-၇-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနမှ ရေးဆွဲပုံနှိပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော မြန်မာပြည်၏ ပြည်နယ်နှင့်တိုင်းဒေသကြီးမြေပုံစာအုပ်(Atlas)ကို ပိုမိုဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီ(၁)ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား (၂၉-၇-၂၀၂၄)ရက်နေ့ (၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး (၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**


### ပျောက်ဆုံးကြောင်း

တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်နေ သက်ဆွေလင်း(ဘ)ဦးမောင်ဖြူ ၁၁/တကန(နိုင်)၀၅၉၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**




**ပျောက်ဆုံးကြောင်း** မိုင်ထက်ထက်ထွေး(ဘ)ကြည်တင်ဆောင် ၇/အတန(နိုင်)၁၂၉၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 004484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**


## "ဇက်အိုင်စီကုမ္ပဏီလီမိတက် (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ) နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း"

ဇက်အိုင်စီကုမ္ပဏီလီမိတက်၏ နောက်ဆုံးအပြီးသတ်အထွေထွေအစည်းအဝေးကို (၁၅-၈-၂၀၂၄)နေ့ နံနက်(၉:၃၀)နာရီအချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ဇက်အိုင်စီကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**အမှတ်(၃၁၃/၃၂၃)၊ အခန်း(၈/စီ)၊ (၇)လွှာ၊**
**Sea Green Towen မဟာဗန္ဓုလလမ်းနှင့်**
**ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ခရိုင်(၁၄)ခရိုင်အတွင်းရှိ ဆောင်ရွက်မည့် ဓာတ်အားပြတ်တောက်မှုလျှော့နည်းစေရေးအတွက် လောင်ကျွမ်းထရန်စဖော်မာများ လဲလှယ်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းအတွက်လိုအပ်သော 11/0.4kV,200 kVA Transformer with LA (Single Pole Mounted with Structure) များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၇-၇-၂၀၂၄) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁-၈-၂၀၂၄)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**


**ပျောက်ဆုံးကြောင်း** ဆုမွန်အောင်(ဘ)ဦးစန်းယု ၁၂/ကတန(နိုင်)၁၃၀၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 591755)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း

လူမော်(ဘ)ဦးသောင်းညွန့် ၆/ကသန(နိုင်)၀၃၂၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 171612)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၆၅၇၅၄၂၉**

### ပျောက်ဆုံးကြောင်း

ဒေါ်သန့်ဇင်ဖြိုး(ဘ)ဦးအေးမြင့် ၈/ခမန(နိုင်)၁၁၅၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 855660)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ပုံပုံ(ဘ)ဦးဝင်းအောင် ၉/မတရ(နိုင်)၁၈၃၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

သဲအိခိုင်(ဘ)ဦးဇော်ဝမ်း ၇/ကတခ(နိုင်)၁၇၃၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 108454)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

အေးအေးအောင်(ဘ)ဦးတင်အောင် ၈/စလန(နိုင်)၁၆၀၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ရဲမိုးအောင်(ဘ)ဦးကျော်ဆွေ ၈/တတက(နိုင်)၂၀၃၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ဆက်ပိုင်ဦး(ဘ)ဦးကိုကိုလေး ၈/ထလန(နိုင်)၀၄၆၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မြပွင့်ဖြူ(ဘ)ဦးမောင်တီ ၁၀/သဖရ(နိုင်)၁၇၀၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 279236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

### ဖခင်အမည်မှန်

မကွေးမြို့ ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း G-10 မှ မလင်းလဲ့ဝတီကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးသိန်း ၈/နမန(နိုင်)၁၂၂၃၉၆ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးသိန်း**

**မူးယစ်ကင်းစင် အလှဆင်**

**ပျောက်ဆုံးကြောင်း** သင်းထိုက်အောင်(ဘ)ဦးတင်မောင်ညွန့် ၇/အဖန(နိုင်)၀၅၉၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း** ခင်ဇာကြည်အောင်(ဘ)ဦးခင်မောင် ၁၂/မဂတ(နိုင်)၀၉၁၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း** ကြည်ကြည်မြင့်(ဘ)ဦးဝမ်းမောင် ၇/ရတန(နိုင်)၀၅၇၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(322831)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၇၂၇၉၇၂၉**

# အထက်တန်းကျောင်းသားများတီထွင်လိုက်တဲ့ မိုးခေါင်မှုဒဏ်ခံအပင်များဖြစ်လာရေး ကူညီပေးမယ့်ကိရိယာ



တူကီယဲနိုင်ငံမှ ဆယ်ကျော်သက်အရွယ်သာရှိသေးတဲ့ အထက်တန်းကျောင်းသားလူငယ်တစ်စုက Plantzma လို့အမည်ပေးထားတဲ့ ကိရိယာတစ်ခုကို တီထွင်ဖန်တီးလိုက်ပါတယ်။

အဲဒီကိရိယာရဲ့အဓိကလုပ်ဆောင်ချက်က စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါတဲ့ ကောက်ပဲသီးနှံအပင်များအနေနဲ့ မိုးခေါင်ရေရှားမှုဒဏ်ကို ခံနိုင်ရည်ရှိကာ ကောင်းစွာရှင်သန်ဖြစ်ထွန်းလာစေဖို့ ကူညီပေးနိုင်ပါလိမ့်မယ်။

Plantzma ကိုတီထွင်လိုက်သူတွေက သူတို့အဖွဲ့ကို Ceres အဖွဲ့လို့ နာမည်ပေးထားပါတယ်။ အဲဒီထဲမှာ ဒိုင်ယာ၊ အဒါ၊ ဒေဗင်၊ မီယာဘာရန်နဲ့ ဘေဇာတို့ပါဝင်ပါတယ်။ သူတို့အနေနဲ့ ဒီကိရိယာကိုတီထွင်ဖို့အတွက် သူတို့ကိုယ်တိုင်တွေ့ကြုံရတဲ့ အခြေအနေတွေကနေတစ်ဆင့် စိတ်ကူးရခဲ့တာပါ။

သူတို့တွေ့ကြုံခဲ့ရတာကတော့ ဒေသတွင်းမှာမိုးခေါင်ရေရှားတဲ့အခြေအနေပါပဲ။ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာဆိုရင် မိုးရွာသွန်းမှုဟာ ၄၀ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ မြင့်တက်လာခြင်းကလည်း ကောက်ပဲသီးနှံဖြစ်ထွန်းမှုအခြေအနေကို ပိုမိုဆိုးဝါးစေပြန်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ဒေသတွင်းမှာကောက်ပဲသီးနှံပျက်စီးမှုက ၈၀ ရာခိုင်နှုန်းအထိရှိပြီး စားနပ်ရိက္ခာပြတ်လပ်မှုတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။

တစ်ကမ္ဘာလုံးမှာဆိုရင်လည်း ကောက်ပဲသီးနှံထွက်ရှိမှုက သိသိသာသာကိုကျဆင်းလာခဲ့ပါတယ်။ ဒီအတိုင်းသာဆက်သွားနေမယ်ဆိုရင် ၂၀၃၀ ပြည့်နှစ်အရောက်မှာ ကောက်ပဲသီးနှံထွက်ရှိမှုကျဆင်းနှုန်းက ၄ ဆခွဲမြင့်တက်လာနိုင်ပြီး ၂၀၅၀ ပြည့်နှစ်အရောက်မှာဆိုရင်တော့ ၂၅ ဆအထိ မြင့်တက်လာနိုင်တယ်လို့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကခန့်မှန်းထားပါတယ်။

"ဟိုးအရင်တုန်းကဆိုရင် ကျွန်မတို့ဒေသက မီဆိုပိုတေးမီးယားဒေသပါ။ စိုက်ပျိုးရေးနဲ့လူ့ယဉ်ကျေးမှုစတင်ပေါက်ဖွားရာဒေသပေါ့။ ဒါပေမဲ့ အခုတော့ ဒီဒေသက ရာသီဥတုပြောင်းလဲမှု၊ မိုးခေါင်ရေရှားမှုတို့ရဲ့ဒဏ်ကို ကောင်းကောင်းကြီးခံနေရပါပြီ" လို့ ဘေဇာကပြောပါတယ်။

ဒီလိုအခြေအနေတွေကြောင့်ပဲ တူကီယဲဆယ်ကျော်သက်များဟာ Plantzma ကိရိယာကို ပူးပေါင်းတီထွင်ဖန်တီးလိုက်ကြတာဖြစ်ပါတယ်။

Plantzma ကိရိယာက အပူချိန်နိမ့်တဲ့ ပလာစမာကိုအသုံးပြုပြီး ကောက်ပဲသီးနှံအပင်တွေအနေနဲ့ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေဖို့နဲ့ စိုက်ပျိုးရေကို အာဟာရပြည့်ဝစေဖို့ တွန်းအားပေးပါတယ်။

ကောက်ပဲသီးနှံအပင်တွေကိုမစိုက်ပျိုးမီ မျိုးစေ့တွေကိုပလာစမာနဲ့ထိတွေ့စေခြင်းအားဖြင့် မျိုးစေ့တွေရဲ့အညှောက်ပေါက်နှုန်းက မြင့်တက်လာပြီး အပင်ကြီးထွားမှုကိုလည်းပိုမိုအားပေးစေပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီအပင်က ရောဂါပိုးမွှားတွေနဲ့ ပတ်ဝန်းကျင်ဖိအားတွေရဲ့ဒဏ်ကို ခံနိုင်ရည်ရှိသွားပါတယ်။

ဒါ့ပြင် စိုက်ပျိုးရေကိုပလာစမာနဲ့ထိတွေ့ပြီးပြုပြင်လိုက်ခြင်းအားဖြင့် အပင်ကြီးထွားဖို့အတွက် အရေးကြီးအာဟာရကိုထောက်ပံ့ပေးမယ့်ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ပြီး နိုက်ထရိုဂျင်ကြွယ်ဝတဲ့မြေသြဇာကိုရရှိစေပါတယ်။

ဒီလိုနည်းလမ်းကိုအသုံးပြုခြင်းအားဖြင့် အပင်တွေအနေနဲ့ ဓာတုဓာတ်မြေသြဇာတွေအပေါ် အလွန်အမင်းမှီခိုနေရမှုကိုလျော့ကျစေကာ ကောက်ပဲသီးနှံအထွက်နှုန်းကိုလည်း တိုးမြင့်စေတဲ့အပြင် ရေရှည်အကျိုးရှိတဲ့ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းကိုလည်း အားပေးရာရောက်ပါတယ်။

"ကျွန်မတို့အနေနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို မပြောင်းလဲနိုင်ဘူးဆိုတော့ ဒီပြောင်းလဲမှုရဲ့ အကျိုးဆက်အပေါ် ထိရောက်မှုရှိစွာဖြေရှင်းဖို့ ကြိုးပမ်းရတော့တာပေါ့" လို့ အသက် ၁၈ နှစ်သာရှိသေးတဲ့ ဒိုင်ယာကပြောပါတယ်။

လယ်သမားတွေကို အဲဒီကိရိယာတွေပေးပြီး စမ်းသပ်စိုက်ပျိုးစေကြည့်တဲ့အခါမှာတော့ သူတို့ဟာ အဲဒီကိရိယာနဲ့ပတ်သက်ပြီး စိတ်ကျေနပ်မှုရတယ်လို့ဆိုကြပါတယ်။

*Ref: IE*
**ကိုထက်**

# လူရဲ့လှုပ်ရှားမှုနဲ့အတူ လိုက်လျောညီထွေရှိစေမယ့် စက်မဲ့ခြေတု



အီတလီနည်းပညာတက္ကသိုလ်မှ သုတေသနပညာရှင်များက SoftFoot Pro နည်းပညာအသုံးပြုခြင်းအားဖြင့် ခြေတုလက်တုများရဲ့စွမ်းဆောင်မှုကို နောက်တစ်ဆင့်မြှင့်တင်လိုက်ပါပြီ။

သူတို့ဖန်တီးလိုက်တဲ့ခြေတုက သဘာဝအားဖြင့်တည်ရှိနေတဲ့ လူသားခြေထောက်အစစ်လိုမျိုး လှုပ်ရှားမှုပြုနိုင်စွမ်းရှိစေဖို့ ဒီဇိုင်းရေးဆွဲထားတာပါ။

တခြားစက်ရုပ်ခြေတုတွေနဲ့မတူတဲ့ အခုခြေတုမှာ စက်တွေမပါပါဘူး။ လိုက်လျောညီထွေမှုရှိစွာလှုပ်ရှားနိုင်တယ်။ ရာသီဥတုမရွေးအသုံးပြုနိုင်တယ်။

ဒီခြေတုကိုဖန်တီးဖို့အတွက် လူသားတွေရဲ့ခြေထောက်လှုပ်ရှားမှုပုံစံကို အတုယူထားတာပါ။ ခြေထောက်ပုံစံနဲ့ ခန္ဓာဗေဒတည်ဆောက်မှုပုံစံတွေကလည်း လူသားတွေရဲ့ခြေထောက်အတိုင်းဖန်တီးထားတာဖြစ်ပါတယ်။

သုတေသနပညာရှင်များက သူတို့ဖန်တီးထားတဲ့ SoftFoot Pro ခြေတုရှေ့ပြေးပုံစံကို အီတလီနိုင်ငံ ဂျီနိုအာမြို့မှာပြုလုပ်တဲ့ G7 Health ပြပွဲမှာ ထုတ်ဖော်ပြသခဲ့တာပါ။

SoftFoot Pro ခြေတုက တစ်မျိုးတည်းနဲ့ ပြဿနာနှစ်ရပ်ကိုဖြေရှင်းပေးတဲ့ပစ္စည်းလို့ပြောရင်မမှားပါဘူး။ သူက ခြေထောက်ဆုံးရှုံးထားသူတွေရဲ့လှုပ်ရှားမှုနဲ့ ဟန်ချက်ညီမှုကို တိုးတက်စေရုံသာမက အမျိုးမျိုးသောမြေပြင်အခြေအနေတွေမှာ လိုက်လျောညီထွေမှုရှိစွာ သွားလာလှုပ်ရှားနိုင်တဲ့ လူသားပုံတူစက်ရုပ်များဖန်တီးမှုအတွက် အခွင့်အလမ်းတစ်ရပ်ကိုဖွင့်လှစ်ပေးလိုက်နိုင်တာဖြစ်ပါတယ်။

သာမန်အားဖြင့်ဆိုရင် သမားရိုးကျခြေတုတွေက မညီညာတဲ့မြေပြင်တွေမှာ သွားလာလှုပ်ရှားမှုကိုအခက်အခဲဖြစ်စေနိုင်ပါတယ်။ SoftFoot Pro ရဲ့ ဒီဇိုင်းကကျတော့ ချောမွေ့တဲ့၊ ကြမ်းတမ်းတဲ့ ဘယ်လိုမျက်နှာပြင်ဖြစ်ပါစေ လူကောင်းတစ်ယောက်လမ်းလျှောက်သွားသလိုမျိုးသွားနိုင်အောင် ဖန်တီးထားတာပါ။

နောက်ထပ်စိတ်ဝင်စားဖို့ကောင်းတဲ့တစ်ချက်က အဲဒီခြေတုဟာ အလေးချိန်အလွန်ပေါ့ပါးခြင်းပဲဖြစ်ပါတယ်။ သူ့ရဲ့အလေးချိန်က ၄၅၀ ဂရမ်ဝန်းကျင်သာရှိပါတယ်။

ဒါပေမဲ့ ကိုယ်အလေးချိန် ကီလိုဂရမ် ၁၀၀ အထိရှိတဲ့သူတွေတောင်မှ SoftFoot Pro ခြေတုကိုတပ်နိုင်ပါတယ်။ သူတို့အနေနဲ့လည်း သာမန်ခြေလက်အင်္ဂါစုံတဲ့သူတွေလိုမျိုးပဲ သက်သောင့်သက်သာရှိစွာသွားလာလှုပ်ရှားနိုင်ပါတယ်။

အခုလိုမျိုး တစ်မူထူးခြားဆန်းသစ်တဲ့ခြေတုကိုရရှိစေဖို့အတွက် အဓိကအခြေခံအချက်က လှုပ်ရှားနိုင်တဲ့အခုံးအတွက် တိုက်တေနီယမ်သတ္တုကိုအသုံးပြုထားခြင်းပါပဲ။

ဒါ့အပြင် သူမတူတဲ့စွမ်းဆောင်ရည်နဲ့ ပလတ်စတစ်ကိုအသုံးပြုထားတဲ့ ပုံတူခြေဆစ်လက်ဆစ်များ၊ ခြေဖဝါးတစ်သျှူးကဲ့သို့အရာများနဲ့ အဲဒီအခုံးကိုချိတ်ဆက်ထားတာပါ။

ဒီလိုမျိုးထူးခြားတဲ့ချိတ်ဆက်မှုစနစ်က ခြေထောက်အတွက်အသုံးပြုနေရတဲ့ ဝန်ခိုစက်လိုအရာမျိုးကို အစားထိုးလိုက်နိုင်တာဖြစ်ပါတယ်။

SoftFoot Pro က သူ့ရဲ့ပုံစံကိုပြောင်းလဲနိုင်တာကြောင့် မြေပြင်အခြေအနေနဲ့ လိုက်လျောညီထွေမှုရှိအောင် ခြေဖဝါးကိုလည်းပုံစံပြောင်းလဲနိုင်စေကာ ခြေထောက်မရှိသူအနေနဲ့ ခြေထောက်ရှိစဉ်ကလိုမျိုး လျှောက်လှမ်းရတဲ့ခံစားမှုမျိုးကို ရရှိစေမှာအမှန်ပါပဲ။

*Ref: IE*
**ကိုထက်**

ဘတ်တလာ၊ လုပ်ကြံမှု

# အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့် ပစ်ခတ်လုပ်ကြံရန်ကြိုးပမ်းခံရမှုမှ သီသီလေးလွတ်မြောက်

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းနေသည့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် သေနတ်သမားတစ်ဦး၏ပစ်ခတ်လုပ်ကြံရန်ကြိုးပမ်းခံရမှုမှ သီသီလေးလွတ်မြောက်သွားကြောင်းသိရသည်။



ထရမ့်သည် ဇူလိုင်လ ၁၃ ရက်ညနေပိုင်းတွင် ပန်ဆယ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့၌ လူထုစည်းရုံးရေးပွဲတစ်ခုအတွင်း မိန့်ခွန်းပြောနေစဉ် သေနတ်သမားကလုပ်ကြံရန်ကြိုးပမ်းခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ထရမ့်သည် ညာဘက်နားရွက်ကျည်ဆန်ရှပ်မှန်ဒဏ်ရာရရှိကာ ၎င်း၏နောက်တွင်ရှိနေသည့် ပွဲတက်လာသူ တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးပြင်းထန်ဒဏ်ရာရရှိသည်။

ပစ်ခတ်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးအဖွဲ့က ထရမ့်ကိုဘေးကင်းရာသို့ခေါ်ဆောင်သွားနိုင်ကြောင်းနှင့် နောက်ပိုင်းတွင် ထရမ့်၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်စရာမရှိကြောင်းထုတ်ပြန်လာသည်။

ပစ်ခတ်မှုကိုလုပ်ဆောင်သူသည် ထရမ့်မိန့်ခွန်းပြောရာစင်မြင့်မှ မီတာ ၁၄၀ အကွာရှိအဆောက်အအုံတစ်လုံး၏ခေါင်မိုးပေါ်မှ ပစ်ခတ်ခြင်းဖြစ်ပြီး အဆိုပါပစ်မှုကျူးလွန်သူကို လုံခြုံရေးတပ်ဖွဲ့က နေရာတွင်ပင် အသေပစ်ခတ်ဖမ်းဆီးလိုက်နိုင်သည်။

ထို့ပြင် AR-15 ပုံစံရိုင်ဖယ်သေနတ်တစ်လက်ကိုလည်း ပစ်မှုကျူးလွန်သူအလောင်းနံဘေးမှ သိမ်းဆည်းရမိသည်ဟု လုံခြုံရေးအဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါပစ်ခတ်မှုကိုလုပ်ဆောင်သူသည် အသက် ၂၀ သာရှိသေးသည့် သောမတ်မက်သရူးခရွတ်ဆိုသူဖြစ်ကြောင်း၊ ၎င်းသည် ထရမ့်၏ရီပတ်ဘလစ်ကန်ပါတီထောက်ခံသူဖြစ်သည်ကို ပြည်နယ်မဲဆန္ဒရှင်မှတ်တမ်းများအရသိရကြောင်း FBI က ဇူလိုင်လ ၁၄ ရက်နံနက်ပိုင်းတွင် ထုတ်ပြန်သည်။

ယခုထရမ့်ဖြစ်စဉ်သည် ၁၉၈၁ ခုနှစ်တွင် ရီပတ်ဘလစ်ကန်ပါတီမှ အမေရိကန်သမ္မတရော်နယ်ရေဂင်အနေဖြင့် လုပ်ကြံရန်ကြိုးပမ်းခံရပြီးနောက် သမ္မတတစ်ဦးသို့မဟုတ် အရေးပါသည့်သမ္မတကိုယ်စားလှယ်လောင်းတစ်ဦးကို ပထမဆုံးအကြိမ် လုပ်ကြံရန် ကြိုးပမ်းခံရမှုဖြစ်စဉ်ဖြစ်သည်။

ထို့ပြင် ယခုဖြစ်စဉ်က ထရမ့်ကိုဘဝတစ်သက်တာလုံးပေးနေရသည့် လျှို့ဝှက်လုံခြုံရေးအဖွဲ့၏ လုံခြုံရေးကျိုးပေါက်မှုအပေါ် မေးခွန်းများထွက်ပေါ်လာစေပြီး ထိုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း FBI ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထရမ့်အနေဖြင့် လုပ်ကြံရန်ကြိုးပမ်းခံရသည့်ဖြစ်စဉ်အပေါ် လက်ရှိသမ္မတဂျိုးဘိုင်ဒင်၊ သမ္မတဟောင်းဘားရက်အိုဘားမားနှင့် အခြားကမ္ဘာ့ခေါင်းဆောင်များက အပြစ်တင်ရှုတ်ချထားသည်။

ထရမ့်နှင့်ဂျိုးဘိုင်ဒင်တို့သည် နိုဝင်ဘာလ ၅ ရက်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် အကြိတ်အနယ်ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းနေကြစဉ် ယခုဖြစ်စဉ်ကြောင့် ရွေးကောက်ပွဲတွင် ထရမ့်သာအနိုင်ရလာနိုင်ကြောင်း ရင်းနှီးမြှုပ်နှံသူများကပြောသည်။

ထရမ့်သည် ယခုဖြစ်စဉ်မှဒဏ်ရာရရှိထားသော်လည်း ရွေးကောက်ပွဲအတွက် ပါတီကတရားဝင်အမည်စာရင်းတင်သွင်းမည့် ရီပတ်ဘလစ်ကန်အမျိုးသားညီလာခံသို့ တက်ရောက်သွားမည်ဖြစ်ကြောင်းသိရသည်။

***Ref: RTA***

ပြုံယမ်း၊ နိုင်ငံရေး

# အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ နျူကလီးယား လမ်းညွှန်ချက်များကို မြောက်ကိုရီးယားအပြစ်တင်ဝေဖန်

အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံတို့က ယခုသီတင်းပတ်တွင် သဘောတူလက်မှတ်ထိုးလိုက်သော နျူကလီးယားလမ်းညွှန်ချက်များကို မြောက်ကိုရီးယားအစိုးရက အပြစ်တင်ဝေဖန်ထားကြောင်းသိရသည်။

အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ်၌နျူကလီးယားအဟန့်အတားနှင့်နျူကလီးယားစစ်ဆင်ရေးများအတွက် လမ်းညွှန်ချက်ကို သဘောတူ လက်မှတ်ထိုးလိုက်ခြင်းဖြစ်သည်။

အဆိုပါလမ်းညွှန်ချက်များသည် အမေရိကန်နိုင်ငံမှ နျူကလီးယားတပ်ဖွဲ့များနှင့် တောင်ကိုရီးယားနိုင်ငံမှ သမားရိုးကျတပ်ဖွဲ့များပူးပေါင်းပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် နျူကလီးယားစစ်ပွဲဆင်နွှဲနိုင်ရေးအတွက် အသင့်ပြင်ဆင်မှုများ တိုးမြှင့်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်းနှင့် ထိုသို့လုပ်ဆောင်မှုသည် ဒေသတွင်းစစ်ရေးတင်းမာမှုကို အဆုံးစွန်အထိရောက်ရှိသွားစေမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ထုတ်ပြန်ထားသည်။

ထို့နောက် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စွမ်းအားပြင်းလှသော နျူကလီးယားစစ်ပွဲဟန့်တားမှုအသင့်ရှိသည့်အနေအထားနှင့်အတူ နိုင်ငံတော်လုံခြုံရေးကိုနည်းလမ်းပေါင်းစုံဖြင့်ကာကွယ်သွားမည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနက ဇူလိုင်လ ၁၃ ရက်တွင်ဖော်ပြထားသည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနနှင့် ပင်တဂွန်စစ်ဌာနချုပ်တို့က အဆိုပါလမ်းညွှန်ချက်များကို သဘောတူလက်မှတ်ထိုးပြီးနောက် မြောက်ကိုရီးယား၏မည်သည့်နျူကလီးယားတိုက်ခိုက်မှုမဆိုသည် တိကျပြီးပျက်စီးဆုံးရှုံးမှုများစေသည့် လက်တုံ့ပြန်မှုနှင့်ရင်ဆိုင်စေရမည်ဖြစ်ကြောင်း တောင်ကိုရီးယားနှင့်အမေရိကန်သမ္မတတို့က ပူးတွဲထုတ်ပြန်ချက်တွင် သတိပေးထားသည်ဟု သိရသည်။

***Ref: Xinhua***

ဘာလင်၊ လျှို့ဝှက်ချက်

# ရုရှားနှင့်စစ်ဖြစ်ပါကလုပ်ဆောင်ရမည့် ဂျာမနီ၏ စစ်ရေးစီမံချက်ပေါက်ကြားလာ



ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက ရေးဆွဲထားသော ရုရှားနှင့်စစ်ဖြစ်ပွားပါက လုပ်ဆောင်ရမည့် ကြိုတင်စီစဉ်ထားသော စစ်ရေးစီမံချက်ပေါက်ကြားလာကြောင်း ဂျာမန်သတင်းစာကြီးများဖြစ်သည့် Der Spiegel နှင့် Bild တို့ကဖော်ပြထားသည်။

အဆိုပါစီမံချက်တွင် NATO တပ်ဖွဲ့များအတွက် ဂျာမနီနိုင်ငံက အရေးပါသော ဖြတ်သန်းနယ်မြေဖြစ်ကြောင်း၊ ဂျာမန်ပြည်သူများ၊ အစိုးရရုံးအဖွဲ့များက ပြည်ပတပ်ဖွဲ့များအပေါ် ထောက်ပံ့မှုများပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့ပြင် စစ်ပွဲဖြစ်ပွားလာပါက နယ်သာလန်နှင့်ဘယ်ဂျီယံနိုင်ငံတို့ရှိဆိပ်ကမ်းများမှ ရောက်ရှိလာသည့် NATO တပ်ဖွဲ့ဝင်အင်အား ရှစ်သိန်းနှင့် စစ်လက်နက်ပစ္စည်းနှစ်သိန်းဝန်းကျင်ကို အချိန်အားဖြင့် သုံးလမှခြောက်လအတွင်း ရွှေ့ပြောင်းပေးရန်စီစဉ်ပေးရမည်ဟု “ဂျာမနီစစ်ဆင်ရေးစီမံချက်” အမည်ရှိ အဆိုပါစီမံချက်တွင်ရေးသားထားကြောင်း Der Spiegel သတင်းစာက ဆက်လက်ဖော်ပြထားသည်။

ထိုကဲ့သို့ ရွှေ့ပြောင်းမှုများလုပ်ဆောင်နိုင်ရေးအတွက် အဓိကကျသောအဝေးပြေးလမ်းမကြီးများကို အသုံးပြုသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် ဖြတ်သန်းသွားသည့်တပ်ဖွဲ့ဝင်များကို အစားအစာများ၊ နေစရာများ၊ နားခိုရန်နေရာများနှင့် စက်သုံးဆီများထောက်ပံ့ပေးရမည်ဟု စီမံချက်တွင်ပါရှိကြောင်း သတင်းစာနှစ်စောင်စလုံးကဖော်ပြထားသည်။

ပြီးခဲ့သည့်လတွင် ဂျာမန်အစိုးရက ၁၉၈၉ ခုနှစ်နောက်ပိုင်းပထမဆုံးအနေဖြင့် စစ်ပွဲကာလလမ်းညွှန်ချက်များကို တရားဝင်ထုတ်ပြန်လာရာ ထိုအထဲတွင် စစ်မှုမထမ်းမနေရစနစ်ကိုအသက်သွင်းရမည်ဖြစ်ကြောင်းနှင့်စက်မှုလုပ်ငန်းများကလည်း စစ်ပွဲအတွက်လိုအပ်သည်များကိုထုတ်လုပ်ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ဒေသခံပြည်သူများအနေဖြင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ လုပ်ဆောင်နေရပြီဖြစ်သော်လည်း ထိုသို့လုပ်ဆောင်ရမှုနှင့်ပတ်သက်၍ မည်သူကမျှ စိတ်ဝင်စားမှုမရှိကြောင်းသိရသည်။

***Ref: RT***

မော်စကို၊ နိုင်ငံရေး

# NATO ထိပ်သီးညီလာခံမှဆုံးဖြတ်ချက်များက ရုရှားအတွက်ခြိမ်းခြောက်မှုဖြစ်

NATO ထိပ်သီးညီလာခံမှထွက်ပေါ်လာသောဆုံးဖြတ်ချက်များသည် ရုရှားနိုင်ငံအတွက်ခြိမ်းခြောက်မှုဖြစ်ကြောင်း ရုရှားသမ္မတရုံးက ထုတ်ပြန်ထားသည်။

အဆိုပါထိပ်သီးညီလာခံကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မကြာသေးမီက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ထိုညီလာခံက ရုရှားနိုင်ငံအပေါ်ဦးတည်လုပ်ဆောင်ခြင်းဖြစ်သည်ဟု ရုရှားအစိုးရကထင်မြင်ယူဆကြောင်း သမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ပြောသည်။

NATO တပ်ဖွဲ့ထိပ်သီးညီလာခံကြောင့် ထိုအဖွဲ့သည် ရုရှားနိုင်ငံ၏ရန်သူဖြစ်သည်ဟူသောဆုံးဖြတ်ချက်ကို ခိုင်မာစေခဲ့ကြောင်း ပက်စကော့ကဆက်ပြောသည်။

ထို့ပြင် ယူကရိန်းနိုင်ငံသည် နောက်ဆုံးတွင် NATO အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဟု ညီလာခံ၌ပြောဆိုမှုသည် ထိုအဖွဲ့အနေဖြင့် ရုရှားနိုင်ငံ၏ အဓိကစိုးရိမ်ပူပန်မှုကို ထည့်မတွက်ကြောင်းပေါ်လွင်နေသည်ဟု ပက်စကော့ကသတင်းထောက်များကိုပြောသည်။

ထို့အတွက်ကြောင့် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံအတွင်းလုပ်ဆောင်နေသော အထူးစစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ညှိနှိုင်းဆွေးနွေးမှုက မရှိမဖြစ်လိုအပ်သည့်အရာမဟုတ်သေးကြောင်း ၎င်းကဆက်ပြောထားသည်ဟု သိရသည်။

***Ref: Sputnik***

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်း နံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask) များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့်မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့်အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်)ကျောင်းသားကတ်(သို့မဟုတ်)ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို(၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀. ၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

နေပြည်တော် ဇူလိုင် ၁၄

## (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံတိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့်အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) သို့လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်းနမူနာ

အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဘူး အမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့်အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ Drone ယာဉ်များယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်နမူနာ

အာဇာနည်ဗိမာန်သို့လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



**○ကျောဖုံးမှအဆက်**

(၆ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်ပါသည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့်(၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲခန့် (၁၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေခွဲခန့် (၁၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၃၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေနံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်(၁၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲကျော်ခန့် (၁၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခွဲခန့် (၂၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခွဲကျော်ခန့် (၂၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေခန့် (၁၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေခွဲခန့် (၁၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်(၄၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်(၃၁ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်၊ ပြည်မြို့နယ်၊ အောင်လံမြို့နယ်၊ ဇလွန်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်နှင့် မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သိရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်၊
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ရေး လူငယ်လူရွယ်တိုင်း အားကစားကိုစိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# MNLပြိုင်ပွဲ ပွဲစဉ်(၂)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့်ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ ဒဂုံပေါ့အသင်းက ၂ဂိုး ၁ဂိုးဖြင့် စာမျက်နှာ ၁၂ ကော်လံ ၁ ❑

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၄-၇-၂၀၂၄)၊ ည (၈း၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၃-၇-၂၀၂၄) ရက်နေ့၊ ည ၆ နာရီမှ (၁၄-၇-၂၀၂၄)ရက်နေ့၊ ည ၆ နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် ၇၇ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၁၉ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် စာမျက်နှာ ၂၂ ကော်လံ ၅ ▶▶

## ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ငဝန်မြစ်၊ တိုးမြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၄**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ၉၂၉ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာအောက်သို့ ၁ စင်တီမီတာ ပြန်လည်ကျဆင်းပြီးဖြစ်ပါသည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည်ကသာမြို့တွင် ၁၀၃၄ စင်တီမီတာသို့ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာအောက်သို့ ၂ လက်မခွဲခန့် စာမျက်နှာ ၂၆ ကော်လံ ၁ ❍

## မြန်မာ့လက်ရွေးစင်အသင်းများပါဝင်ယှဉ်ပြိုင်မည့် အာရှယူ-၁၇ ပြိုင်ပွဲနှင့် အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်ဇယားများထုတ်ပြန်

စာ - ၁၂ သို့

## Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များယှဉ်ပြိုင်ကစား

စာ - ၁၄ သို့

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

စာ - ၁၀ သို့

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာ - ၁၇ သို့

MYAWADDY TRADING LIMITED





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257